# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**

**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၁၆-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၂ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ခွင့် ၁ ရက်၊

(၂) မော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၃ ရက်၊

(၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၄) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၄ ရက်နှင့်

(၅) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**နိုင်ငံတော်မှ ပေးဆပ်ရန်ကျန်ရှိသည့် ပြည်ပချေးငွေများ အခြေအနေမှန်ကို မဲဆန္ဒရှင်ပြည်သူများ ကိုယ်စားသိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းလေးကို မေးမြန်းရတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းနေရတဲ့ အစိုးရသစ်အနေနဲ့ နိုင်ငံရဲ့ကောင်းမွေ၊ ဆိုးမွေတွေကို တာဝန်ခံရတဲ့အနေအထားမှန်ကို ပြည်သူတွေကို သိစေချင်တဲ့ဆန္ဒနဲ့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ၂-၅-၂၀၁၆ ရက်နေ့၌ ကျွန်တော် မေးခဲ့တဲ့ ဒီမေးခွန်းလေးက တိုပေမယ့်လည်း ပြန်ဖြေကြားရမယ့် ဝန်ကြီးဌာနအတွက် အခက်အခဲတွေအများကြီးရှိနိုင်တာဖြစ်ကြောင်း အခုလို အနည်းငယ်ကြန့်ကြာခဲ့တယ်လို့ ယူဆပါတယ်။ ကျွန်တော် မေးမြန်းချင်တဲ့မေးခွန်းလေးကတော့ လွှတ်တော်အတွင်းမှာ တာဝန်ထမ်းနေကြပြီဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေနဲ့ ပခုံးပြောင်းလက်လွှဲ တာဝန်ထမ်းဆောင်နေကြရတဲ့ အစိုးရသစ်အတွက် အရေးကြီးတဲ့ နိုင်ငံတော်က ပေးဆပ်ရန်ကျန်ရှိတဲ့ ပြည်ပချေးငွေတွေ အခြေအနေမှန်ကို မဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား သိရှိလိုကြောင်းနှင့် ချေးငွေတွေနဲ့ပတ်သက်ပြီးတော့ ငွေထုတ်ချေးပေးခဲ့တဲ့ နိုင်ငံတစ်ခုချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအလိုက် ၁-၄-၂၀၁၅ ရက်နေ့မှာရှိတဲ့ ချေးငွေလက်ကျန်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ထပ်မံချေးယူခဲ့တဲ့ငွေ ၁-၄-၂၀၁၅ ရက်နေ့ကနေပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့အထိ ပေးဆပ်ပြီးတဲ့ အရင်းနဲ့အတိုးငွေ၊ ချေးငွေတစ်ခုချင်းရဲ့အတိုးနှုန်းထား၊ ပေးဆပ်ရမယ့်သက်တမ်း၊ ပေးဆပ်ရန်သက်တမ်းစေ့တဲ့နေ့တွေနဲ့ ချေးငွေပေးဆပ်ဖို့အတွက် စီမံချက်များရေးဆွဲထားမှုရှိ/မရှိ၊ ပေးဆပ်ရန်ကျန်ငွေတွေအတွက် ရရှိနိုင်မယ့်အရင်းအမြစ်(Resources) တွေ အခြေအနေတွေကို အများပြည်သူတွေသိရှိနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာဖြေကြားပေးနိုင်ဖို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင် ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ ပြည်ပချေးငွေဆိုင်ရာ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက လွှတ်တော်အတွင်း တာဝန်ထမ်းဆောင်နေကြသော ကိုယ်စားလှယ်တော်ကြီးများနှင့် ပခုံးပြောင်း လက်တွဲတာဝန်ထမ်းဆောင်နေကြပြီဖြစ်သည့် အစိုးရသစ် အတွက် အရေးကြီးသော နိုင်ငံတော်ကပေးဆပ်ရန် ကျန်ရှိသည့်ပြည်ပ ချေးငွေအခြေ အနေမှန်ကို သိရှိလိုကြောင်း မေးမြန်းလာမှု နှင့်စပ်လျဉ်း၍ ကျွန်တော်တို့ ဖြေကြားချက် အပြည့်အစုံကို စာရင်းဇယားများနှင့်တကွ ပြည်ထောင်စု အစိုးရအဖွဲ့မှတစ်ဆင့် ပြည်သူ့လွှတ်တော်ရုံး သို့ ပေးပို့ထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော့်အနေနဲ့ အသေးစိတ် ဖတ်ကြားတင်ပြမှုမပြုတော့ပါခင်ဗျား။

နိုင်ငံ/အဖွဲ့အစည်းအလိုက် ၃၁-၃-၂၀၁၅ ရက်နေ့မှာရှိတဲ့ ပြည်ပချေးငွေလက်ကျန်အခြေအနေမှာ အမေရိကန်ဒေါ်လာ ၉၀၈၆.၇၉၆ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ယူသုံးစွဲသည့်ချေးငွေမှာ အမေရိကန်ဒေါ်လာ ၇၉၀.၃၃၆ သန်းဖြစ်ပါတယ်။ ပေးဆပ်ပြီးသည့်အရင်းငွေ အမေရိကန်ဒေါ်လာ ၃၄၄.၃၀၆ သန်းနှင့် အတိုးငွေ အမေရိကန်ဒေါ်လာ ၂၂၇.၇၄၆ သန်း တို့ဖြစ်ပါတယ်။ အဆိုပါချေးငွေများသည် ငွေကြေးအမျိုးအစားအမျိုးမျိုးအလိုက် စာရင်းပြုစုထားရှိခြင်းဖြစ်ရာ ၃၁-၃-၂၀၁၆ ရက်နေ့မှာရှိတဲ့ ငွေလဲလှယ်နှုန်းနဲ့တွက်ချက်ပြီးတော့ ညီမျှတဲ့ အမေရိကန်ဒေါ်လာ တန်ဖိုးများဖြင့် ဖော်ပြထားခြင်းဖြစ်ပါတယ်။ ချေးငွေများ၏သက်တမ်းကို ဆိုင်းငံ့ကာလအပါအဝင် ချေးငွေသက်တမ်းဖြင့် ပြုစုထားခြင်း ဖြစ်ပါတယ်။ ချေးငွေစာချုပ်ချုပ်ဆိုပြီးနောက် ဆိုင်းငံ့ကာလအတွင်းမှာ ချေးငွေထုတ်ယူသုံးစွဲတဲ့ပမာဏအပေါ်မှာ ကျသင့်တဲ့အတိုးကိုသာပေးဆပ်ရပြီး ဆိုင်းငံ့ကာလကုန်ဆုံးတဲ့အချိန်ကစပြီးတော့ ကျသင့်တဲ့အတိုးအပြင် အရင်းငွေကိုပါ အရစ်ကျစတင်ပေးဆပ်

ရပါတယ်။ အရင်း နောက်ဆုံးအရစ်ပေးချေပြီးသည့်အခါမှသာ ၎င်းချေးငွေနှင့်ပတ်သက်၍ သက်ဆိုင်ရာချေးငွေပေးသည့် နိုင်ငံ/အဖွဲ့အစည်းများနှင့် ချေးငွေစာရင်း ရှင်းလင်းမှုပြီးပြတ်တာ ဖြစ်ပါတယ်။

ဆက်လက်၍ ချေးငွေများပေးဆပ်ရန် စီမံချက်များရေးဆွဲထားမှုရှိ/မရှိ၊ ပေးဆပ်ရန်ကျန်ငွေများ အတွက် ရရှိနိုင်မည့်အရင်းအမြစ်များအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားလိုအပ်ပါတယ်။ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန/ဦးစီးဌာနများအနေဖြင့် ဘဏ္ဍာရေးနှစ် အလိုက် အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် ပြည်ပချေးငွေရယူထားတဲ့ အဖွဲ့အစည်း များဟာ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေအရင်းပြန်လည်ပေးဆပ်ရန် သို့မဟုတ် အတိုးနှင့် စရိတ် ပေးချေရန်တို့ကို ၎င်းတို့ရဲ့အသုံးစရိတ်မှာ ထည့်သွင်းလျာထားပြီးတော့ တင်ပြရပါတယ်။ ၎င်းအသုံးစရိတ်များကို ပြည်ထောင်စုလွှတ်တော်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ (ခ)အရ ဖြတ်တောက်ခြင်းမပြုဘဲ အတည်ပြုပါတယ်။ သို့ပါ၍ သက်ဆိုင်ရာပြည်ပချေးငွေသုံးစွဲတဲ့ ဌာနများဟာ မိမိတို့ ရယူထားတဲ့ချေးငွေရဲ့ စည်းကမ်းချက်များအပေါ်မှာမူတည်၍လည်းကောင်း၊ ထုတ်ယူသုံးစွဲတဲ့ ချေးငွေပမာဏအပေါ်မှာမူတည်၍လည်းကောင်း၊ အရင်းအတိုးပေးဆပ်မယ့် အချိန်ဇယားများကိုရေးဆွဲပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ဘတ်ဂျက်အချိန်မီ လျာထားခြင်း၊ အချိန်မီပေးဆပ်ခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းရဲ့ ချေးငွေရယူတဲ့ရည်ရွယ်ချက်၊ သုံးစွဲတဲ့လုပ်ငန်း/စီမံကိန်းအပေါ်မှာမူတည်ပြီးတော့ ပြန်ရချက် (Rate of Return) ကို တွက်ချက်နိုင်တဲ့ စီးပွားရေးချေးငွေ (Commercial Loan) များရှိသကဲ့သို့ စီးပွားရေး အရ ပြန်ရချက်ကို တွက်ချက်နိုင်မှုမရှိသော စီးပွားရေးမဟုတ်သည့်ချေးငွေ (Non-Commercial Loan) တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှုချေးငွေ (Development Loan) များလည်းရှိပါတယ်။ ဥပမာ အားဖြင့် ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအတွက် ပြန်လည်ထူထောင်ရေးစသည်ဖြင့် ချေးငွေ များဖြစ်ပါတယ်။ စီးပွားရေးချေးငွေများ ရယူတဲ့ဌာန/အဖွဲ့အစည်းများဟာ ရင်းနှီးမြှုပ်နှံတဲ့အချိန်ကာလ နှင့် ပြန်ရချက်ကိုတွက်ချက်ပြီးတော့ ချေးငွေပြန်လည်ပေးဆပ်ရန် စီမံချက်များကိုရေးဆွဲထားရပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ထို့ပြင် ကျွန်တော်တို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေတိုက်ဦးစီးဌာနကိုဖွင့်လှစ်ပြီး ပြည်တွင်း/ပြည်ပကြွေးမြီများကို စီမံခန့်ခွဲနိုင်ရန် ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲကိုလည်း ဖွဲ့စည်းထားရှိပြီး

ဖြစ်ပါတယ်။ ၎င်းဌာနခွဲအနေဖြင့် နိုင်ငံတော်ရဲ့အာမခံချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများ အပေါ် ပြည်ပချေးငွေပေးအပ်သည့် မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက်၊ ချေးငွေသုံးစွဲသည့်ဌာန/ အဖွဲ့အစည်းအလိုက် မှတ်တမ်းများထားရှိခြင်း၊ ချေးငွေတစ်ခုချင်းအလိုက် အရင်း/အတိုးပေးဆပ်ရ မည့်အချိန်ဇယားများရေးဆွဲထားရှိခြင်း၊ ၎င်းအချိန်ဇယားများအပေါ်မှာမူတည်၍ သက်ဆိုင်ရာဌာန များ၏ဘတ်ဂျက်လျာထားမှု၊ ပြန်လည်ပေးဆပ်မှုတို့ကို ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ကွက်ကဲပေးခြင်း၊ ပြည်ပချေးငွေစာချုပ်များအတွက် ညှိနှိုင်းဆွေးနွေးပေးခြင်း၊ တိုးနှုန်းသက်သာမှုရှိ/မရှိ ဆန်းစစ်ပေး ခြင်း၊ နိုင်ငံတော်ရဲ့ပြည်ပကြွေးမြီ ခံနိုင်ရည်ရှိမှုအခြေအနေကို ဆန်းစစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။ ယခုအခါ မကြာသေးမီက ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကာလ လတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကိုလည်း ကျွန်တော်တို့ ရေးဆွဲတင်ပြထားပြီးဖြစ်ပါတယ်။ ၎င်းမဟာဗျူဟာမှာ ၃၁-၁၂-၂၀၁၅ ရက်နေ့ ကြွေးမြီအခြေအနေများကို ဖော်ပြပါရှိပါတယ်။

ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများဟာ တစ်စုတစ်ပေါင်းတည်းသော ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရပါတယ်။ ပြည်ပချေးငွေများအပါအဝင် ၎င်းတို့ရဲ့ရငွေ များအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ထည့်သွင်းရပြီး ပြည်ပချေးငွေများအပါအဝင် သုံးငွေများအားလုံးကိုလည်း ဘတ်ဂျက်လျာထားချက်နှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲက ထုတ်ယူသုံးစွဲရခြင်းဖြစ်ပါတယ်။ သို့ဖြစ်၍ ပေးဆပ်ရန်ကျန်တဲ့ငွေများအတွက် အဓိကရရှိနိုင်မည့် အရင်းအမြစ်(Resources) များအဖြစ်ကတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အဓိကရငွေများဖြစ်တဲ့ အခွန်အကောက်မှရငွေ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရငွေနှင့် အခြားရငွေများဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**နှစ်စဉ်တစ်နိုင်ငံလုံး၏ စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် မည်သည့်မူဝါဒအရ ရေးဆွဲပြီး မည်သို့သော နည်းလမ်းဖြင့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်နေသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ၊ ဧည့်သည်တော်များကို ရိုသေစွာ ဂါရဝပြု

ပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပြည်ထောင်စုအစိုးရသည် နှစ်စဉ် တစ်နိုင်ငံလုံး၏ စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများကို အချိန်မီရေးဆွဲ၍ ဘဏ္ဍာရေးကော်မရှင် မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရာတွင် (က) ဒေသဖွံ့ဖြိုးမှုလိုအပ်ချက်ကို အခြေခံ၍ ရေးဆွဲပါသလား၊ နယ်မြေအကျယ်အဝန်း သို့မဟုတ် လူဦးရေကို အခြေခံ၍ ရေးဆွဲစဉ်းစားပါသလား၊ ဆင်းရဲချမ်းသာကွာဟမှုကို အခြေခံ၍ စဉ်းစားပါသလား၊ မည်သည့်မူဝါဒအရ ရေးဆွဲ၍ လျာထားသော ရန်ပုံငွေများကို ဒေသအလိုက်၊ ဝန်ကြီးဌာနအလိုက် မည်သည့်မူဝါဒအရ ခွဲဝေသုံးစွဲပါသလဲဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရခိုင် ပြည်နယ်ဟာ လူသားအရင်းအမြစ်နှင့် သဘာဝသယံဇာတပေါကြွယ်လျက်ကယ်နဲ့ ဒုတိယအဆင်းရဲဆုံး ပြည်နယ်အဆင့်ကို ရောက်သွားရတဲ့အကြောင်းရင်းတွေထဲမှာ အဓိကအကြောင်းကတော့ ခေတ်အဆက်ဆက်အစိုးရတွေက ဘတ်ဂျက်တွေကို ခွဲဝေချထားတဲ့နေရာမှာ မမျှတလို့၊ တစ်နည်းအားဖြင့် နည်းလို့ဖြစ်တယ်လို့ ထင်မြင်ယူဆတဲ့အတွက် ကျွန်တော်ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ မေးခွန်းနဲ့ပတ်သက်လို့ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ပြည်ထောင်စုအစိုးရသည် ချမှတ်ထား သောမူဝါဒများနှင့်အညီ လိုအပ်သောစီမံကိန်းများကိုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမယ်လို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ အဆိုပါပြဋ္ဌာန်းချက်အရ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော် ကို တင်ပြတဲ့အခါ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက သာမန်သဘောဆွေးနွေးကြသည်ကို လည်း တွေ့ရပါတယ်။ ဘာမှတိတိကျကျစိစစ်တာ မလုပ်နိုင်ခဲ့ပါဘူး။ ဒီလိုပဲ ပြီးသွားပါတယ်။ စီမံကိန်းနှင့် ဘတ်ဂျက်အစီရင်ခံစာများ ထွက်လာတဲ့အခါကျတော့ ပေါက်တောမြို့နယ်ရဲ့အခြေအနေ ကို ပြန်ကြည့်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ပေါက်တောမြို့နယ်အတွက် ခွဲဝေချထားတဲ့ငွေကို ကြည့်လိုက်တော့မှ စိတ်မကောင်းဖြစ်ရပါတယ်။ တစ်မြို့နယ်လုံးအတွက် တစ်နှစ်လုံးခွဲဝေချထားတဲ့ ငွေဟာ သိန်းထောင်ဂဏန်းအနည်းငယ်သာရှိပါတယ်။ ဒီမျှသော ရန်ပုံငွေနဲ့ ခေတ်အဆက်ဆက် နောက်ကျကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့မြို့နယ်ကို နှစ်အနည်းငယ်အတွင်းမှာ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နိုင်ဖွယ်မရှိပါဘူး။ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေ

ရရှိရေးစတဲ့ အခြေခံအဆောက်အဦတွေ(Basic Infrastructure)ကို မတည်ဆောက်ဘဲနဲ့ အပေါ်ယံ လုပ်နေလို့ကတော့ တောနှင့်မြို့ ပြည်နယ်နှင့်ပြည်မ ကြာလေဝေးလေပဲဖြစ်မှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဆိုတာ အသိုင်းအဝိုင်းတစ်ခုတည်းကို ကိုယ်စားပြုလို့ မဖြစ်ပါဘူး။ တစ်နိုင်ငံလုံးကို ကိုယ်စားပြုရပါမယ်။ ပြည်သူလူထုဟာ တရားမျှတတဲ့နိုင်ငံမှာနေထိုင်ရပါတယ်လို့ ခံစားချက်မျိုး ဖြစ်ဖို့လိုပါတယ်။ ဆင်းရဲမှုအခြေအနေကိုကြည့်ပြီး နွမ်းပါးတဲ့ဒေသတွေကို ပို၍ ပို၍ ချထားပေးမှသာလျှင် တိုင်းရင်းသားတန်းတူရေးဆိုတာ ဖြစ်လာမှာပါ။ ဒါဟာ ဖက်ဒရယ်စနစ်ရဲ့ ရှေ့ပြေးလည်းဖြစ်လာသင့်ပါတယ်။ အခုတော့ ကျွန်တော်တို့ပြည်နယ်မှာ အလုပ်လက်မဲ့လူငယ်၊ လူလတ်တွေဟာ မိမိဒေသကို စွန့်ခွာပြီးသွားလိုက်ကြတာ လူမကျန်သလောက်ကို ဖြစ်နေပါတယ်။ အဲဒါကြောင့် ဆင်းရဲနွမ်းပါးတဲ့ဒေသတွေကို တာဝန်ရှိသူများကိုယ်တိုင် လာရောက်ကြည့်ရှုပြီးရင်တော့ ကိုယ်ချင်းစာတရားထားနိုင်ပါလိမ့်မယ်လို့ ယူဆပါတယ်။ ကိုယ်ချင်းစာတရားထားတတ်ရုံနဲ့ မင်္ဂလာဖိုလ် နိဗ္ဗာန်ကို ရောက်နိုင်၊ ရနိုင်ပါတယ်လို့လည်း မှတ်သားဖူးပါတယ်။ ဒါကြောင့် စီမံကိန်းနှင့် ရသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲရာမှာ ဆင်းရဲနွမ်းပါးမှုအခြေအနေကိုလိုက်၍ ဦးစားပေးအလိုက် ရေးဆွဲဖို့ လိုပါတယ်။ ဒေသလိုအပ်ချက်ကို သေသေချာချာလေ့လာပြီး ဒေသခံပြည်သူများ လက်ခံနိုင်သည်အထိ ပွင့်လင်းမြင်သာစွာ ရေးဆွဲရပါမယ်။ ပြီးနောက် အောက်မှအထက်သို့(Bottom Up)တင်ပြအတည်ပြု ရပါမယ်။ အခုကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကနေစတယ်။ တချို့ကလည်း ဗဟိုအဆင့် ကနေစပြီး စီမံကိန်းဘတ်ဂျက်ရေးဆွဲလိုက်တာက အခြေအနေနဲ့လွဲချော်နေကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နောက်ဆုံးနိဂုံးချုပ်တင်ပြချင်တာကတော့ စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲတင်ပြတဲ့နေရာမှာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်ကို အခြေခံ၍ ရေးဆွဲ ပါသလား၊ နယ်မြေအကျယ်အဝန်း သို့မဟုတ် လူဦးရေကိုအခြေခံ၍ စဉ်းစားပါသလား၊ ဆင်းရဲ ချမ်းသာကွာဟမှုကို အခြေခံစဉ်းစားပါသလား၊ မည်သည့်မူဝါဒအရ လက်တွေ့ကျကျ Theory သဘောမဟုတ်ပါဘူး။ လက်တွေ့ကျကျဘယ်လိုခွဲဝေသုံးစွဲသလဲဆိုတာ သိချင်လို့မေးရခြင်း ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မှုကြမ်း**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့ စီမံကိန်းနှင့် ဘတ်ဂျက်ပိုင်းဆိုင်ရာမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရဟာ နှစ်စဉ်အမျိုးသားစီမံကိန်းဥပဒေနဲ့ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေများကို ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းတဲ့နေရာမှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်ရဲ့ အမျိုးသားစီမံကိန်းဥပဒေကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနကလည်းကောင်း၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပြည်ထောင်စုရဲ့အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကလည်းကောင်း ရေးဆွဲပြုစုတင်ပြရပါတယ်။ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးမူဝါဒကို အခြေခံပြီးတော့ ရေးဆွဲ တာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးမူဝါဒမှာ အဓိကအားဖြင့်တော့ အခွန်မူဝါဒနှင့် အသုံးစရိတ် မူဝါဒဆိုပြီးတော့ နှစ်ပိုင်းပါဝင်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အခွန်မူဝါဒကို သီးခြားမပြော တော့ပါဘူး။ အသုံးစရိတ်မူဝါဒအပိုင်းမှာ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်ကဲ့သို့သော လူမှုရေး ကဏ္ဍအသုံးစရိတ်များကို မြှင့်တင်သုံးစွဲဖို့၊ ပြည်သူလူထုကို ချက်ချင်းလက်ငင်းအကျိုးပြုနိုင်တဲ့ အသုံးစရိတ်များကို ဦးစားပေးသုံးစွဲဖို့၊ ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ပြီးမှ ခန့်အပ်ဖို့၊ စီမံကိန်းများကို ဦးစားပေးအဆင့်ခွဲပြီးတော့ လတ်တလောမလိုအပ်သေးတဲ့စီမံကိန်းများကို ရွှေ့ဆိုင်း ဆောင်ရွက်ဖို့၊ ပစ္စည်းဝယ်ယူမှုများကို စနစ်တကျစိစစ်ဆောင်ရွက်ဖို့၊ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို စနစ်တကျထိန်းချုပ်သုံးစွဲဖို့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အတွက် ဦးစားပေးသုံးစွဲဖို့တွေကို ထည့်သွင်း စဉ်းစားပြီးတော့ မူဝါဒချမှတ်ပေးပါတယ်။ ဘတ်ဂျက်ရေးဆွဲတဲ့နေရာမှာ သမားရိုးကျ ယခင်တုန်းက နှစ်စဉ်တိုးမြှင့်ပြီးတော့ လျာထားခဲ့တဲ့ပုံစံအစားကို ကမ္ဘာ့နိုင်ငံအများစုမှာ ကျင့်သုံးနေကြပြီဖြစ်တဲ့ မူဝါဒကို အခြေခံပြီးတော့ ဘတ်ဂျက်ရေးဆွဲခြင်း(Policy based Budgeting)ဖြစ်စေဖို့အတွက် ကမ္ဘာ့ဘဏ်နည်းပညာ အကူအညီများကို ရယူပြီးတော့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်(Medium Term

Fiscal Framework-MTFF)ကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ Medium Term Fiscal Framework-MTFF နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး အတွက်ကို ဘဏ္ဍာငွေအရအသုံးဘောင်တွေကို ဘတ်ဂျက်မရေးဆွဲခင်ကတည်းက ကြိုတင်သတ်မှတ်ပေးပါတယ်။ အလားတူပဲ ဒီနှစ်လတ် ဘဏ္ဍာရေးမူဘောင်အရ ထွက်ပေါ်လာတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအခြေအနေအရ တိုင်းဒေသကြီး/ပြည်နယ်များကို ပြည်ထောင်စုက ထောက်ပံ့ပေးရမည့်ပမာဏကိုလည်း ဦးစွာလျာထားတွက်ချက်ပါတယ်။ အဲဒီစုစုပေါင်းထောက်ပံ့ပေးရမယ့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကို ထောက်ပံ့ပေးရမယ့်ပမာဏကို လျာထားတွက်ချက်ပြီးတဲ့အခါမှာ အဲဒီပမာဏကို အခြေခံပြီတော့မှ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီအတွက်ကို ထောက်ပံ့ပေးမည့်ပမာဏကို ကြိုတင်တွက်ချက် သတ်မှတ်ပေးရပါတယ်။ ဒီလိုတွက်ချက်တဲ့နေရာမှာ ညီမျှမှု၊ မျှတမှုရှိစေဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တုန်းက စီးပွားရေးညွှန်ကိန်းသုံးခုကို အသုံးပြုပြီးတော့ တွက်ချက်ခဲ့ပါတယ်။ ဒီညွှန်ကိန်းသုံးခုကတော့ လူဦးရေ(Population Index)ဖြစ်ပါတယ်။ လူတစ်ဦးစီရဲ့ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(Per Capital GDP)ဖြစ်ပါတယ်။ ဆင်းရဲမှုညွှန်ကိန်း(Poverty Index)ဖြစ်ပါတယ်။ ဒီသုံးခုကို အခြေခံပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တုန်းက တွက်ချက်ခဲ့ပါတယ်။ နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပိုပြီးတော့ပြည့်စုံပြီးတော့၊ ပိုပြီးတော့ အချိုးကျမျှတမှုရှိစေရန်အတွက် ညွှန်ကိန်းသုံးခုကို ထပ်မံပြီးတော့ထည့်သွင်းတွက်ချက်ပါတယ်။ ပြီးခဲ့တဲ့နှစ်က တွက်ချက်တဲ့ ညွှန်ကိန်းသုံးခုအပြင်ကို ထပ်ပြီးတော့ ထည့်သွင်းတွက်ချက်တဲ့ ညွှန်ကိန်းသုံးခုကတော့ မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေမှာ မြို့ပြလူဦးရေအချိုး၊ နောက် တစ်ဦးကျအခွန်ကောက်ခံမှု(Per Capital Tax Collection)တို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ပြည်ထောင်စုက ထောက်ပံ့ပေးမယ့်ပမာဏကို ဒီညွှန်ကိန်းခြောက်ခုဖြင့် တွက်ချက်ခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းဖို့အတွက် ထောက်ပံ့ပေးမယ့်ပမာဏကို တွက်ချက်ရာမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ယခုမေးမြန်းထားသလို ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်ကိုလည်း အခြေခံပါတယ်။ နယ်မြေအကျယ်အဝန်းနဲ့

လူဦးရေကိုလည်း အခြေခံပါတယ်။ ဆင်းရဲချမ်းသာကွာဟမှုကိုလည်း ဆင်းရဲမှုညွှန်ကိန်းနဲ့ ထည့်ပြီးတော့ အခြေခံတွက်ချက်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်ကို အခြေခံတဲ့ အခြားအသုံးစရိတ်တစ်ခုရှိပါတယ်။ ဒါကတော့ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တစ်မြို့နယ်ကို ကျပ်သိန်း ၁၀၀၀ နှုန်းနဲ့ ဥပဒေနှင့်အညီ နှစ်စဉ်လျာထားခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များကို ပြည်ထောင်စုက ထောက်ပံ့ပေးတဲ့အခါမှာ တိုင်းဒေသကြီး/ပြည်နယ်ကိုသာ ထောက်ပံ့ပေးလိုက်တာ ဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာ ခွဲဝေသုံးစွဲတဲ့ကိစ္စကတော့ ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်တို့ရဲ့အစီအစဉ်၊ အစီအမံများအတိုင်းသာဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့အနေနဲ့ Medium Term Fiscal Framework-MTFF အရ ပြည်ထောင်စုဝန်ကြီးဌာနများအတွက်ကို အသုံးစရိတ်ဘောင်များ ကြိုတင်သတ်မှတ်ပေးတဲ့အချိန်မှာလည်းပဲ ဝန်ကြီးဌာနများအလိုက်ကိုသာ သတ်မှတ်ပေးပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာများအနေနဲ့ ၎င်းတို့ရဲ့လက်အောက်ခံဌာနအဖွဲ့အစည်းများအတွက်ကိုလည်း သတ်မှတ်ပေးရပါတယ်။ နောက်တစ်ခါ အဖွဲ့အစည်းတစ်ခုချင်း၊ တစ်ခုချင်းစီဟာလည်းပဲ သူ့ရဲ့လက်အောက်ခံ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်စတဲ့အဆင့်ဆင့်သော ရုံးခွဲများကိုလည်း ခွဲဝေသုံးစွဲရခြင်း ဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲတာနဲ့ပတ်သက်ပြီးတော့ အမျိုးသားစီမံကိန်းရေးဆွဲတာနဲ့ ဒေသန္တရစီမံကိန်းရေးဆွဲတာဆိုပြီးတော့ ခွဲခြားရေးဆွဲပါတယ်။ အမျိုးသားစီမံကိန်းဥပဒေဟာ တစ်နိုင်ငံလုံးအတွက် ကဏ္ဍအလိုက်ရော၊ ဒေသအလိုက်ပါ စီမံကိန်းတွေကို ပေါင်းစပ်ရေးဆွဲထားတဲ့ စီမံကိန်းဖြစ်ပါတယ်။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်အားလုံးပါဝင်ပါတယ်။ စီမံကိန်းကော်မရှင်မှာ ဆွေးနွေးအတည်ပြုပြီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ကနေ ပြည်ထောင်စုလွှတ်တော်ကို ပေးပို့တင်ပြပြီးတော့မှ အတည်ပြုပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။ ဒေသန္တရစီမံကိန်းများရေးဆွဲတဲ့အခါမှာ သက်ဆိုင်ရာဒေသအလိုက် ဖွံ့ဖြိုးမှုကိုအခြေခံ၍ ရေးဆွဲကြောင်းသိရပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ ပြည်သူများရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တွေမှာ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ၊ မြို့မိမြို့ဖတွေ၊ လုပ်ငန်းရှင်တွေ၊ ကုန်သည်တွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတဲ့ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီကနေ ဒေသရဲ့လိုအပ်ချက်ကို ညှိနှိုင်းရေးဆွဲတဲ့ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်

ကို အခြေခံတဲ့စီမံကိန်းများဖြစ်ပါတယ်။ ဖော်ပြပါ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းတို့မှာ ပါဝင်တဲ့ ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်များဟာ ပြည်ထောင်စုဘတ်ဂျက်မှာရော၊ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်နှစ်ခုစလုံးမှာ ပါဝင်မှုရှိနိုင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး အနေနဲ့ သိရှိလိုတဲ့ ပေါက်တောမြို့နယ်အတွင်း ဆောင်ရွက်မယ့်လုပ်ငန်းများနှင့်ပတ်သက်၍ နှစ်ပိုင်း တွေ့နိုင်ပါတယ်။ ပြည်ထောင်စုအပိုင်းမှာ ပညာရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ အောက်မှာရှိတဲ့ ဌာနအဖွဲ့အစည်းအချို့ဟာ ၎င်းတို့ရဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်ကို ပြည်ထောင်စုဘတ်ဂျက်က ဆောင်ရွက်ကြပါတယ်။ အလားတူပဲ နယ်စပ်စည်ပင်၊ စည်ပင်သာယာရေး အဖွဲ့နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာနများဟာလည်းပဲ အလားတူပဲ ပြည်ထောင်စုဘတ်ဂျက်မှာ ထည့်သွင်းရေးဆွဲပြီးတော့ ဆောင်ရွက်ကြပါတယ်။ ပြည်နယ်အစိုးရအဖွဲ့တို့၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနစတဲ့ ဝန်ကြီးဌာနတွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းအချို့ဆိုလို့ရှိရင်လည်းပဲ ၎င်းတို့ရဲ့ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းစီမံကိန်းလုပ်ငန်းများ အတွက်ကို ပြည်နယ်ဘတ်ဂျက်ကနေ ဆောင်ရွက်တာတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ် ပြည်ထောင်စုဘတ်ဂျက်မှာရော၊ ပြည်နယ်ဘတ်ဂျက်မှာရော ဦးစားပေးလုပ်ငန်းအစီအစဉ်များ ခွဲခြားပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီးအနေနဲ့ သက်ဆိုင်ရာ ဌာနများကို တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ သက်ဆိုင်ရာဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရေနံ

လက်ယက်တွင်း ဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းမှာဖြစ်ပါတယ်။ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေမှာ ဥပဒေသစ်ဖြစ်ပါတယ်။ နိုင်ငံသားများသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိတဲ့ ရေနံလက်ယက်တွင်းလုပ်ငန်းများကို စနစ်တကျနှင့်ထိရောက်စွာဆောင်ရွက်စေခြင်းဖြင့် ပြည်တွင်းရေနံလိုအပ်ချက်များကို အထိုက်အလျောက်ဖြည့်ဆည်းပေးနိုင်ရန် သက်ဆိုင်ရာဒေသနှင့် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရေနံလက်ယက်တွင်းများမှ ရေနံများကဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျထုတ်လုပ်စေရန်၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ရည်ရွယ်ပြီး ရေနံလက်ယက်တွင်း ဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲခဲ့ပါတယ်။ အဆိုပါဥပဒေမူကြမ်းဟာ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံတော်သမ္မတရုံး ဥပဒေကြမ်းသဘောထားမှတ်ချက်များနှင့်အညီ ပြုစုရေးဆွဲခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူကာ ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့တင်ပြခဲ့ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ ဥပဒေမူကြမ်းပြုစုပြီး လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့်တင်ပြခဲ့ရာ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးအတည်ပြုခဲ့ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတွင်လည်း တစ်ကြိမ်ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးချက်များနှင့်အညီ ဥပဒေကြမ်းအားပြန်လည်ပြင်ဆင်ရန်အတွက် ဝန်ကြီးဌာနမှာဆောင်ရွက်နေစဉ် ၂၂-၇-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေအရ သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယံဇာတနှင့် အခွန်အခများကို ခွဲဝေသတ်မှတ်ပေးနိုင်ရန် အတွက် ဥပဒေများကို ပြန်လည်ပြင်ဆင်ပေးပို့ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းတွင် ညွှန်ကြားလာတဲ့

အပြင် ယခင်အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့မှလည်း ဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်သောကြောင့် လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့ကြောင်း စာပေးပို့ခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကို ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကြမ်းအဖွဲ့တို့ထံ သဘောထားမှတ်ချက်များ တင်ပြတောင်းခံပြီး ၎င်းတို့၏သဘောထားမှတ်ချက်များနှင့်အညီပြင်ဆင်ပြီး ရေနံလက်ယက်တွင်း ဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စု လွှတ်တော်ရုံး သို့ ၇-၇-၂၀၁၆ ရက်နေ့တွင် ပေးပို့တင်ပြခဲ့ပါတယ်။ ၎င်းနောက် ယင်းဥပဒေမူကြမ်းကို ဝန်ကြီးဌာနမှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း၌ ဆွေးနွေးခဲ့ပါတယ်။ ယင်းဥပဒေမူကြမ်းမှာ အဆိုပါ ဥပဒေပုဒ်မ ၃၀ ပါရှိပါတယ်။ သို့ဖြစ်ပါ၍ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီကအစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ အဖွဲ့ဝင် တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရေနံ လက်ယက်တွင်း ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက်ကို အစီရင်ခံစာတင်ပြသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆- ၁၈၂

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၃-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၁၂)/ ပထစ- ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်အတွင်း ရေနံလက်ယက်တွင်းများမှ ရေနံသယံဇာတများကို မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စနစ်တကျတူးဖော်ထုတ်လုပ်ရေးဆောင်ရွက်ရန်၊

(ခ) ထွက်ရှိလာသည့် ရေနံသယံဇာတများအား ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်၊

(ဂ) အဓိကအားဖြင့် သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

**မူကြမ်း**

(ဃ) ရေနံလက်ယက်တွင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှုစီးပွားထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးကို ဆောင်ရွက်ရန်၊

(င) ရေနံလက်ယက်တွင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို အထူးအလေးထားဆောင်ရွက်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ၂၈-၇-၂၀၁၆ ရက်နေ့၊ ၂၉-၇-၂၀၁၆ ရက်နေ့နှင့် ၂-၈-၂၀၁၆ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းတွင် အခန်း(၁၀)ခန်းနှင့် အပိုဒ်ပေါင်း ၃၀ ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချက်များနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်ပြခြင်းမပြုလိုတော့ပါခင်ဗျား။ ဆက်လက်ပြီးတော့ ကျန်ရှိနေတဲ့ အစီရင်ခံစာကို တင်သွင်းပါမယ်။

၄။ သို့ဖြစ်ပါ၍ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆- ၁၈၂

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၃-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၁၂)/ ပထစ- ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်အတွင်း ရေနံလက်ယက်တွင်းများမှ ရေနံသယံဇာတများကို မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စနစ်တကျတူးဖော်ထုတ်လုပ်ရေးဆောင်ရွက်ရန်၊

( ခ) ထွက်ရှိလာသည့် ရေနံသယံဇာတများအား ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်၊

(ဂ) အဓိကအားဖြင့် သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဃ) ရေနံလက်ယက်တွင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှုစီးပွားထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးကို ဆောင်ရွက်ရန်၊

(င) ရေနံလက်ယက်တွင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို အထူးအလေးထားဆောင်ရွက်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ၂၈-၇-၂၀၁၆ ရက်နေ့၊ ၂၉-၇-၂၀၁၆ ရက်နေ့နှင့် ၂-၈-၂၀၁၆ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းတွင် အခန်း(၁၀)ခန်းနှင့် အပိုဒ်ပေါင်း ၃၀ ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

( ဂ) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ အနက်ပေ ၁၀၀၀ အထိနှင့် ယင်းအနက်ပေထက်မပိုသော စကားရပ်ကို အနက်ပေ ၁၀၀၀ ထက် မပိုသော ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ရှိ လက်ယက်တွင်းမှ စကားရပ်ကို ရေနံလက်ယက်တွင်းမှ ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို လိုင်စင်ဆိုသည်မှာ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်း ဝန်ကြီးဌာနက လုပ်ကွက်အလိုက် ထုတ်ပေးသည့် ခွင့်ပြုချက်လိုင်စင်ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဂ္ဂိုလ် စကားရပ်ကို လူပုဂ္ဂိုလ် ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဂ္ဂိုလ် စကားရပ်ကို လူပုဂ္ဂိုလ်ဟုလည်းကောင်း၊ ဝန်ကြီးဌာနမှ စကားရပ်ကို ဝန်ကြီးဌာနက ဟုပြင်ဆင်ပါသည်။

( ဇ) အခန်း(၂) အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဂ) ရေနံလက်ယက်တွင်းများမှ ရေနံများကို အန္တရာယ် ကင်းရှင်းစွာဖြင့် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးဆောင်ရွက်ရန်၊

(ဃ) ရေနံလက်ယက်တွင်း လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှုစီးပွားထိခိုက်မှုများ အနည်းဆုံး ဖြစ်စေရေးကို ဆောင်ရွက်ရန်။

( ဈ) အခန်း(၃)နှင့် အခန်း(၄)တို့ကို ပေါင်း၍ အခန်း(၃)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

## အခန်း(၃)

## လုပ်ကွက်နှင့် လိုင်စင်လျှောက်ထားခြင်း

၄။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူသည် မြန်မာနိုင်ငံသားလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသာ ဖြစ်ရမည်။

၅။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မိမိလုပ်ကိုင်လိုသည့် လုပ်ကွက်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် သက်ဆိုင်ရာဌာနအသီးသီး၏ ထောက်ခံချက်တို့ကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ လျှောက်ထားရမည်။

၆။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါ ဖော်ပြချက်များကို သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ခြင်းရှိမရှိ စိစစ်၍ ပြည့်စုံညီညွတ်ပါက ဝန်ကြီးဌာနသို့ ထောက်ခံ တင်ပြရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ တင်ပြလာသော လျှောက်လွှာကို လက်ခံရရှိသည့်အခါ လျှောက်ထားချက်ကိုစိစစ်၍-

(က) လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံနိုင်သည်။

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထောက်ခံမှုမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိလျှင် သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

**မူကြမ်း**

(ဂ) ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ ပြန်ကြားရမည်။

၈။ ပုဒ်မ ၇ အရ ဆောင်ရွက်ပြီးသည့် လုပ်ကွက်နှင့် ပတ်သက်၍ ဝန်ကြီး ဌာနသည် မိမိတို့ ဝန်ကြီးဌာနက သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန် လျာထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်သည့် လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှုရှိ မရှိနှင့် အခြားလိုအပ်ချက်များကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်ရမည်။

၉။ ပုဒ်မ ၈ အရ ဝန်ကြီးဌာန၏ တင်ပြချက်ကို ပြည်ထောင်စုအစိုးရ အဖွဲ့က သဘောတူညီလျှင် ဝန်ကြီးဌာနသည် ယင်းလုပ်ကွက်နှင့် စပ်လျဉ်းသည့် တစ်နှစ် သက်တမ်းရှိသော လိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၀။ ပုဒ်မ ၉ ပါ လိုင်စင်ကို သက်တမ်းတိုးလိုသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ၂ လ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ သက်တမ်းတိုး လျှောက်လွှာဖြင့် လျှောက်ထားရမည်။

၁၁။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် သက်တမ်းတိုးလိုသည့် လျှောက်လွှာကို ပြန်လည်စိစစ်၍ လိုင်စင်သက်တမ်းမကုန်ဆုံးမီ ၁ လ ကြိုတင်၍ ဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၁၂။ ဝန်ကြီးဌာနသည် သက်တမ်းတိုးလျှောက်ထားချက်ကိုစိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လျှောက်ထားသူအား တစ်နှစ် သက်တမ်းရှိသည့် လိုင်စင်ကို ထုတ်ပေးရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသော လျှောက်ထားချက်ကို အကြောင်းပြချက်ဖြင့် ငြင်းပယ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှတစ်ဆင့် လျှောက်ထားသူကို အကြောင်းကြားရမည်။

(ည) အခန်း(၅)ခေါင်းစဉ်ဖြစ်သည့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အခန်း(၄)ခေါင်းစဉ် ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဟု ပြင်ဆင်ပါသည်။

( ဋ) အပိုဒ် ၁၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၃။ ဝန်ကြီးဌာနသည်-

(က) လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပုဒ်မခွဲ(ခ)အရ စစ်ဆေး တွေ့ရှိလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က တင်ပြချက်အရဖြစ်စေ သိရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်ထားသည့် လျှောက်လွှာကြေးနှင့် လိုင်စင်ကြေးကောက်ခံ ရမည်။

**မူကြမ်း**

(ဌ) အခန်း(၆)ခေါင်းစဉ်ကို အခန်း(၅)ခေါင်းစဉ်အဖြစ် ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ လုပ်ငန်းတာဝန်နှင့် စကားရပ်ကို တာဝန်နှင့် ဟုပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၁၆ ကို အပိုဒ် ၁၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ ခြေဆင်းရှိ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ စကားရပ်ကို တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဟု ပြင်ဆင်ပါသည်။

(ဎ) အပိုဒ် ၁၆ အပိုဒ်ခွဲ( င)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှ စကားရပ်ကို လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ဟုလည်း ကောင်း၊ သို့လျောင်ခြင်း စကားရပ်ရှေ့တွင် လက်ယက်တွင်းမှ ထွက်ရှိသော ရေနံများ ကိုဆိုသည့် စကားရပ်ကို ဖြည့်စွက်ပါသည်။

(ဏ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဆ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ (ဆ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် နေ့စဉ် ရေနံထုတ်လုပ်မှုစာရင်းကို လစဉ်လဆန်း (၇) ရက်အတွင်း ဝန်ကြီးဌာနသို့ ပေးပို့စေခြင်း၊

(ဇ) ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြစေခြင်း။

(တ) အခန်း(၇) ခေါင်းစဉ်ကို အခန်း(၆)ခေါင်းစဉ်အဖြစ် ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ လိုက်နာမည့် စည်းကမ်းများ စကားရပ်ကို လိုက်နာရမည့် စည်းကမ်းများဟုပြင်ဆင် ပါသည်။

(ထ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လိုင်စင်အရ ဆောင်ရွက်သည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဒ) အပိုဒ် ၁၇ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လုပ်ငန်းကို စကားရပ်၏ရှေ့တွင် တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်း စကားရပ်ကို ဖြည့်စွက်ပါသည်။

(ဓ) အပိုဒ် ၁၇ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရေနံထုတ်လုပ်ခြင်းစကားရပ်ကို ထုတ်လုပ်ခြင်း ဟု ပြင်ဆင်ပါသည်။

**မှုကြမ်း**

(န) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ဇ)အဖြစ်ပြင်ပြီး ယင်းအပိုဒ်ခွဲရှိ ခွင့်ပြုထားသောစကားရပ်၏ရှေ့တွင် ရေနံထုတ်လုပ်ရန် ဟုလည်းကောင်း၊ ပြန်လည် လျှော့ချထားနိုင်သည် စကားရပ်ကို ဤဥပဒေနှင့်အညီ ပြန်လည် လျှော့ချထားနိုင် သည်ဟု ပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဍ)အဖြစ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံ ချက်များကို လိုက်နာရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(ဖ) အပိုဒ် ၁၈ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရေနံအား သိုလှောင်ခြင်း စကားရပ်ကို ထွက်ရှိသည့် ရေနံကို သိုလှောင်ခြင်းဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို တည်ဆဲဝင်ငွေခွန်ဥပဒေနှင့် ပြည်ထောင်စုအခွန်အကောက် ဥပဒေတို့နှင့်အညီ ကျသင့်သည့် ဝင်ငွေခွန်နှင့် အခွန်အခများကို ပေးဆောင်ရမည်ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ (ဂ)ကို ပယ်ဖျက်ပါသည်။

(ဘ) အခန်း(၈) ကို အခန်း(၇)အဖြစ် ပြင်ဆင်ပြီး၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲငယ်ကို လိုင်စင် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဟု ပြင်ဆင်ပါသည်။

(မ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။(ခ) ဤဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် လုပ်ငန်း လုပ်ကိုင်ခွင့်ရသူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသဦးစီးအဖွဲ့သည် အောက်ဖော်ပြပါ စီမံ ခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ် ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

မူကြမ်း

(ယ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပေးနိုင်ပါရန် စကားရပ်ကို ပေးနိုင်ရန်ဟု ပြင်ဆင်ပါသည်။

(ရ) အခန်း(၉)ကို အခန်း(၈)အဖြစ် ပြင်ဆင်ပြီး၊ အပိုဒ် ၂၁ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ စကားရပ်ကို ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)ပါဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၂၂ ကို အပိုဒ် ၂၁ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၇ (ဃ) မှ (ဋ) ထိပါ တားမြစ်ချက် စကားရပ်ကို ပုဒ်မ ၁၆ ပုဒ်မခွဲ (ဃ)၊ (ဈ) နှင့် (ဌ) ပါ စည်းကမ်းချက်ဟု ပြင်ဆင်ပါသည်။

(ဝ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၃ ကို ပယ်ဖျက်၍ အခန်း(၁၀)ကို အခန်း(၉)အဖြစ် ပြင်ဆင်ပြီး၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၅ ကို ပယ်ဖျက်ပါသည်။

(သ) အပိုဒ် ၂၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(က)အဖြစ် ယင်းအပိုဒ်ခွဲ ခြေဆင်းကို ရေနံလက်ယက်တွင်းလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားသူသည်ဟု ပြင်ဆင်ပါသည်။

(ဟ) အပိုဒ် ၂၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။(က)(၁) မိမိလုပ်ကိုင်ရန် လျှောက်ထားသည့် လုပ်ကွက်တွင် အခြားသော ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာရရှိထားသူ မရှိစေရန်လည်းကောင်း၊ မိမိလုပ်ကိုင်ခွင့်ရရှိခြင်းသည် ဥပဒေနှင့် အညီ ဖြစ်စေရန်လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်။

(ဠ) အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။(ခ) ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ရှိပါက ယင်း ကန့်ကွက်ချက်ကို လိုင်စင်ရရှိသူက ပုဒ်မခွဲ(က)နှင့်အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံလက်ယက်တွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား ထုတ်ပေးထားသည့်လိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

**မူကြမ်း**

(အ) အပိုဒ် ၂၇ ကို အပိုဒ် ၂၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူ ပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်ပြီး အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၂၉ ကို ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ ကျကျဖော်ပြ၍ ၁၈-၈-၂၀၁၆ ရက်နေ့ (ကြာသပတေးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က အစိုးရသစ်၏လုပ်ငန်းစဉ်တွင် ပါဝင်သော တရား ဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အား အဟန့်အတားအနှောင့်အယှက် ဖြစ်နေသော မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ (၃-၈-၂၀၁၆ရက်နေ့)မှာ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အား အဟန့်အတား အနှောင့်အယှက်ဖြစ်နေသော မှုခင်းကျဆင်းရေးကို

အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပြီး လက်ခံဆွေးနွေးရန်လွှတ်တော်က ဆုံးဖြတ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး အဆိုရှင် ဒေါ်ခင်နှင်းသစ်က ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၄ အရ ပြင်ဆင်ချက်အဆို တင်သွင်းလာပါတယ်။ ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဒေါ်ခင်နှင်းသစ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ၃-၈-၂၀၁၆ ရက်နေ့မှာ အစိုးရသစ်လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အား အဟန့်အတားအနှောင့်အယှက် ဖြစ်စေသော မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို တင်သွင်းခဲ့ပါတယ်။ အဲဒီနေ့က ကျွန်မတင်သွင်းခဲ့တဲ့ အဆိုပါစကားရပ်များနှင့် အသုံးပြုခဲ့သော Power Point တို့မှာ မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန်လိုအပ်ကြောင်း တို့ကိုသာ ရည်ရွယ်ခဲ့ပါတယ်။ ဒီနောက် အဆိုပါစကားလုံး မှားယွင်းမှုတွေ့ရှိ၍ ၈-၈-၂၀၁၆ ရက်နေ့မှာ ပြင်ဆင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှင့်။ အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတော် တည်ဆောက်ရေးတို့အတွက် အဟန့်အတားအနှောင့်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေး ကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအဖြစ် ပြင်ဆင်ချက်အဆို ကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ၏ မူလအဆိုမှာ အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံ တည်ဆောက်ရေးတို့အား အနှောင့်အယှက်ဖြစ်နေသော မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင် ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းဖြစ်ပြီး ပြင်ဆင်ချက်အဆိုမှာ အစိုးရသစ်၏လုပ်ငန်းစဉ် တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းဖြစ်ပါတယ်။ မူလအဆိုပါစာသားဟာ ဝါကျအထားအသိုကြောင့် မှုခင်း ကျဆင်းရေးက တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောသောနိုင်ငံတည်ဆောက်ရေးတို့အား အဟန့်အတား

အနှောင့်အယှက်ဖြစ်နေတဲ့သဘော သက်ရောက်နေသဖြင့် အဆိုရှင်က ယခုကဲ့သို့ စာသားကို ပြန်လည် ပြင်ဆင်တင်သွင်းခြင်းပါတယ်။ ဒါကြောင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မူလတင်သွင်းတဲ့ အဆို စာသားနေရာမှာ ယခုပြင်ဆင်တဲ့ အဆိုပါစာသားအတိုင်း ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ပြင်ဆင်တင်သွင်းတဲ့ အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတားအနှောင့်အယှက်ဖြစ်နေသောကြောင့် မှူခင်းကျဆင်း ရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းပြင်ဆင်ချက်အဆိုကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့် အစိုးရသစ်၏လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်နေသောကြောင့် မှူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်က တင်သွင်းသွားတဲ့ အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတားအနှောင့်အယှက်ဖြစ်နေသောကြောင့် မှူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၆ ဦးရှိပါတယ်။ ပထမဦးစွာ ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခေါ်) ဒေါ်ရှားမီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ကလေး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခေါ်) ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး

ရှင့်။ ယနေ့ အချိန်အခါဟာ ဒုတိယအကြိမ် လွှတ်တော်များနှင့် အစိုးရသစ်အဖွဲ့ကိုဖွဲ့စည်း နိုင်ခဲ့ပြီး အစိုးရတာဝန်ဝတ္တရားများကို ထမ်းဆောင်လာခဲ့တာ ကာလအားဖြင့် လေးလကျော်ပြီဖြစ်ပါ တယ်။ အစိုးရသစ်ဟာ NLD ပါတီရဲ့မူဝါဒများနှင့် ကိုက်ညီကာ ဖွဲ့စည်းထားတဲ့အစိုးရတစ်ရပ်ဖြစ် ကြောင်း နိုင်ငံတော်သမ္မတကြီးမှ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားမှာ ထည့်သွင်းပြောကြားသွားခဲ့တာ အားလုံးသိရှိပြီးဖြစ်ပါလိမ့်မယ်။ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးမှ အမျိုးသား ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေး ကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊ ပြည်သူလူထု အများစုရဲ့ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အလေးအနက် ကတိပြုပြောကြားသွားတာ တွေ့ရမှာဖြစ်ပါတယ်။ အစိုးရသစ်တာဝန်ယူပြီး ချိန်မှစပြီးတော့ သမ္မတကြီး ဦးထင်ကျော်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့ဟာ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး တို့ကို အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေတာ မျက်ဝါးထင်ထင်တွေ့ရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အခုလို ပြည်သူလူထုလိုလားတောင့်တတဲ့ ခိုင်မာတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို အောင်အောင်မြင်မြင်ဖြစ်အောင် ထူထောင်နေကြတဲ့အချိန်မှာ တရားဥပဒေစိုးမိုးရေးဟာ များစွာအရေးပါလှပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ အစိုးရတစ်ရပ်က ပြည်သူလူထုအပေါ် မတရားဥပဒေနှင့် လက်တစ်လုံးခြားအုပ်ချုပ်ချင်တိုင်း အုပ်ချုပ်လို့မရအောင် အစိုးရကို ကန့်သတ်ထိန်းချုပ်ပြီး ပြည်သူလူထုတစ်ရပ်လုံးကို တရားဥပဒေအရ လုံခြုံစွာအကာ အကွယ်ပေးတဲ့ ခိုင်မာပြတ်သားရှင်းလင်းတဲ့ဥပဒေကို ကျင့်သုံးရေးဟု သဘောပေါက်ပါတယ်။ စစ်မှန် သော ဒီမိုကရေစီပြည်ထောင်စုစနစ်အောင်မြင်စွာ ကျင့်သုံးနေသောနိုင်ငံများမှာ တရားဥပဒေစိုးမိုးမှု အဆင့် အမြင့်မားဆုံးအနေအထားတွင်ရှိကြောင်း တွေ့ရပါတယ်။ တရားဥပဒေစိုးမိုးမှုဆိုတာ (၁) ရှေ့တော်သွင်း စာချွန်တော်စနစ်ရှိခြင်း၊ (၂) ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း၊ (၃) သင့်လျော်သော ပြစ်ဒဏ်သတ်မှတ်ခြင်း၊ (၄) ပြဋ္ဌာန်းဥပဒေကြောင်းနှင့် မှန်ကန်ကိုက်ညီခြင်း၊ (၅) တည်ဆဲဥပဒေအရ အကာအကွယ်ပေးခြင်းစတဲ့ အင်္ဂါရပ်များနှင့် ပြည့်စုံနေတဲ့အခြေအနေမှာ ပြည်သူ တစ်ဦးချင်းစီဟာ လုံခြုံစိတ်ချစွာ အသက်ရှင်နေထိုင်ခွင့်ရှိမယ်။ အခြေခံအခွင့်အရေးများ ပြည့်ဝစွာ ခံစားနိုင်ရန် အာမခံချက်ရှိမယ်။ သက်ဆိုင်ရာတို့ရဲ့ ဥပဒေဖြင့် အနိုင်အထက်ပြုကျင့်မှုမှ

အကာအကွယ်ရနိုင်မှာဖြစ်ပါတယ်ရှင့်။ ဆိုလိုသည်မှာ နိုင်ငံသားအားလုံးတူညီရမည်။ မျှတရမည်။ တစ်သမတ်တည်းရှိရပါ့မယ်။ တရားဥပဒေရဲ့ပင်ကိုယ်အရည်အချင်းဟာ ကျူးလွန်သူမည်သူ့ကိုမဆို ထိုက်သင့်သောပြစ်ဒဏ်ပေး အရေးယူရမှာဖြစ်ပြီး အပြစ်မရှိသူများအား အခွင့်အရေးပေး၍ ကာကွယ်သွားရန်ဖြစ်ပါတယ်ရှင့်။ ခိုင်မာတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးမှာ အဓိကကျတဲ့ တရားဥပဒေစိုးမိုးရေးမရှိခဲ့ရင် ပဲ့ကောင်းကောင်းမရှိတဲ့လှေဟာ ဘယ်လောက်ပဲ လှော်ခတ်လှော်ခတ် လိုချင်တဲ့ပန်းတိုင်မရောက်ဘဲ လှိုင်းဂယက်ထဲမှာ တဝဲလည်လည်ဖြစ်နေသလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးဟာ အဖျက်အမှောင့် လှိုင်းဂယက်ထဲမှာ တဝဲလည်လည်နဲ့ ရှေ့ဆက်မတိုးနိုင်ဘဲဖြစ်နေမှာကို စိုးရိမ်ပူပန်မိပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ တရားဥပဒေစိုးမိုးရေးကို အာရုံစိုက်မှုအားနည်းလာတဲ့အခါမှာ လူတစ်စုတစ်ဖွဲ့အတွက် ဥပဒေမဲ့လုပ်ရပ်တွေကို အလွယ်တကူလုပ်နိုင်ဖို့ အခွင့်အလမ်းပေးသလို ဖြစ်စေပါတယ်။ ယနေ့အချိန်မှာတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်မယ့်လမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီး ပြည်သူအား မျက်နှာမူတဲ့အစိုးရသစ်အနေနဲ့ ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကြီးကို အကောင်အထည်ဖော်တည်ဆောက်ရာ၌ အဓိကကျတဲ့ တရားဥပဒေစိုးမိုးရေးအပေါ် အာရုံစိုက်လုပ်ဆောင်သင့်ပါကြောင်း တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ ပါပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရဟာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိသည်နှင့်အညီ တရားဥပဒေစိုးမိုးရေးကို အနှောင့်အယှက်အဟန့်အတားဖြစ်နေမှုများကို ကာကွယ်တားဆီးရမယ့် အစီအမံများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုက်တွန်းလိုပါတယ်။ တရားဥပဒေစိုးမိုးရေးကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသော မှုခင်းများကို ကြိုတင်ကာကွယ်ရေးအစီအမံများ ချမှတ်ခြင်းမရှိပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်းကို နှောင့်နှေးစေရုံမျှမက နိုင်ငံတော်၏ဂုဏ်သိက္ခာကျဆင်းနိုင်မှုနှင့် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်စေနိုင်ပါတယ်။ နိုင်ငံတော်ဂုဏ်သိက္ခာကျဆင်းမှုနှင့် စီးပွားရေးနှင့် ငွေရေးကြေးရေး မတည်ငြိမ်ဖြစ်စေတဲ့ အကြောင်းအရင်းနောက်တစ်ခုကတော့ မူးယစ်ဆေးဝါးပေါများနေတဲ့ပြဿနာလို့ ပြောရမှာပါ။ အစိုးရအဆက်ဆက် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို နှိမ်နင်းခဲ့ပေမယ့် နာတာရှည်ရောဂါကြီးလို

ဖြစ်နေတာဟာ နိုင်ငံ့ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါတယ်။ ခိုင်မာတဲ့ဈေးကွက်ကြီးတစ်ခုဖြစ်လောက်အောင်အထိ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားနေခြင်းဟာ တရားဥပဒေစိုးမိုးရေးအားနည်းနေလို့ကလွဲရင် အခြားဘာအကြောင်းမှမရှိဘူးလို့ ယုံကြည်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာပြည် တစ်နံတစ်လျား မူးယစ်ဆေးဝါးများ အဆမတန်ပေါ်များနေခြင်းနှင့်အတူ အခြားရာဇဝတ်မှုတွေဖြစ်တဲ့ လူသတ်မှု၊ မုဒိန်းမှု၊ သက်ငယ်မုဒိန်းမှုနှင့် လူကုန်ကူးမှုကဲ့သို့သောလူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေခြင်းဟာ တရားဥပဒေစိုးမိုးရေးအားနည်းနေပြီဆိုတဲ့ အချက်ပေးခေါင်းလောင်းထိုးလိုက်သလို ဖြစ်နေပါတယ်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတစ်နိုင်ငံမှာ နေထိုင်ကြတဲ့ ပြည်သူလူထုအားလုံးရဲ့ အကြီးမားဆုံးပျော်ရွှင်မှုနှင့်တည်ငြိမ်ဖွံ့ဖြိုးမှုရှိနေတာဟာ တရားဥပဒေစိုးမိုးမှုရှိလို့ဆိုတာ လေးလေးနက်နက်ပြောကြားရင်းနဲ့ဆွေးနွေးလျက်ရှိတဲ့ ပန်းတောင်းမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ဖြစ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတစ်နိုင်ငံဟာ ဘယ်လောက်နည်းပညာတွေမြင့်မားတိုးတက်နေပါစေ၊ ဘယ်လောက်ပဲကြွယ်ဝချမ်းသာနေပါစေ တရားဥပဒေစိုးမိုးမှုအားနည်းပြီးရာဇဝတ်မှုတွေထူပြောကာ ပြည်သူတွေရဲ့ဘဝတွေ လုံခြုံစိတ်ချရမှုမရှိရင် အဲဒီဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝမှုတွေဟာ အလကားပါ။ ဒါ့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် တရားဥပဒေစိုးမိုးဖို့၊ ပြည်သူတွေရဲ့ဘဝလုံခြုံစိတ်ချရဖို့၊ အေးချမ်းသာယာစွာခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့တွေဟာ အရေးကြီးလှပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းရဲမွဲတေမှုနဲ့ ရာဇဝတ်မှုဟာ အမွှာညီနောင်လို့ အဆိုရှိပါတယ်။ ကုလသမဂ္ဂနဲ့ ကမ္ဘာ့ဘဏ်နှစ်ရပ်လုံးက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားစာရင်းမှာ ရာဇဝတ်မှုထူပြောခြင်းဟာ ထိပ်ဆုံးကပါ။ ရာဇဝတ်မှုထူပြောခြင်းဟာ Micro

နဲ့ Macro စီးပွားရေးနှစ်ရပ်လုံးအတွက် အဟန့်အတားကြီးဖြစ်ပါတယ်။ ယနေ့ခေတ် အာဖရိကနှင့် လက်တင်အမေရိကမှာ ဖွံ့ဖြိုးရန်အခွင့်အလမ်းများ အန္တရာယ်ကျရောက်နေတာဟာ ခြစားမှုနှင့် ရာဇဝတ်မှုကြောင့်လို့ ဆိုပါတယ်။ ရာဇဝတ်မှုထူပြောခြင်းဟာ အလုပ်လက်မဲ့ဖြစ်ခြင်း၊ စီးပွားရေး ကျဆင်းခြင်းနှင့် မငြိမ်သက်မှုများဖြစ်ပေါ်ခြင်း အဆိုးသံသရာကို လည်စေပါတယ်။ အဲဒီရာဇဝတ်မှု လျှော့ချဖို့ နိုင်ငံအချို့မှာ အလုပ်လက်မဲ့လျှော့ချခြင်း၊ မိသားစုဝင်ငွေမြှင့်တင်ပေးခြင်း၊ ဝင်ငွေနိမ့်သူများ အတွက် အိမ်ရာများစီစဉ်ပေးခြင်း၊ လူမှုဖူလုံရေးအထောက်အပံ့များ မြှင့်တင်ပေးခြင်းနည်းလမ်းများနဲ့ ဖြေရှင်းကြပါတယ်။ စင်ကာပူနိုင်ငံဟာ ကမ္ဘာပေါ်မှာ တရားဥပဒေစိုးမိုးမှုအရှိဆုံးနှင့် ရာဇဝတ်မှုအနည်း ဆုံးနိုင်ငံပါ။ စင်ကာပူရဲ့ ညဥ့်နက်သန်းခေါင်မှာ မိန်းမပျိုလေးတစ်ယောက်တည်းသွားလာနေပေမယ့် ဘာအန္တရာယ်မှ မရှိပါဘူး။ တစ်နေရာရာမှာ ရာဇဝတ်မှုတစ်ခုဖြစ်တာနဲ့ ငါးမိနစ်အတွင်းကို အဲဒီနေရာ ရဲရောက်လာပါတယ်။ ပြည်သူတွေဟာ တရားဥပဒေစိုးမိုးမှုနဲ့အတူ ဘေးကင်းလုံခြုံစိတ်ချစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ဒါပေမဲ့ စင်ကာပူအစိုးရက Low Crime is not no Crime လို့ သတိပေးစာတမ်းတွေ ချိတ်ဆွဲထားပါတယ်။ ရာဇဝတ်မှုနည်းပါးတာဟာ ရာဇဝတ်မှုလုံးဝကင်းရှင်းတာ မဟုတ်သေးဘူးလို့ သူ့နိုင်ငံသားတွေကို သတိပေးထားတာဟာ မှတ်သားစရာကောင်းလှပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာတော့ ရာဇဝတ်မှုတွေ အလွန် ထူပြောနေပါတယ်။ နေ့စဉ်သတင်းစာ၊ ဂျာနယ်တွေမှာ လူသတ်မှုမဖြစ်တဲ့နေ့၊ လုယက်မှုမဖြစ်တဲ့နေ့၊ ခိုးမှုမဖြစ်တဲ့နေ့၊ မူးယစ်ဆေးဖမ်းမမိတဲ့နေ့၊ Car Accident မဖြစ်တဲ့နေ့တွေဟာ မရှိသလောက်ပါ။ အချို့သောလူသတ်မှုတွေကိုကြည့်ရင် ဘာမှမပြောပလောက်တဲ့ကိစ္စ၊ မပြောပလောက်တဲ့ငွေကြေး ကြောင့် ဖြစ်ပွားရတာတွေကို တွေ့ရပါတယ်။ ရာဇဝတ်မှုထူပြောရတဲ့အကြောင်းရင်းတွေကို ကြည့်လိုက် ရင် ဆင်းရဲမွဲတေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ဥပဒေစိုးမိုးမှုအားနည်းခြင်း၊ အုပ်ချုပ်ရေးယန္တရားလက်လှမ်းမမီခြင်း၊ ရဲလုပ်ငန်းဆောင်တာများချို့ယွင်းခြင်း၊ ပညာနည်းပါးခြင်း၊ မူးယစ်ဆေးနဲ့အရက်ကို လွယ်ကူစွာဝယ်ယူသောက်သုံးနိုင်ခြင်း၊ ပြည်သူများဥပဒေအသိပညာနည်းပါး ခြင်းစတဲ့အကြောင်းတရားတွေကြောင့်ပါ။ ဒါကြောင့် မှုခင်းကျဆင်းရေးအတွက် ဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ရပါမယ်။ မဖြစ်ခင်က ကြိုတင်ကာကွယ် တားဆီးရပါမယ်။ မှုခင်းဆိုင်ရာ အသိပညာ ပေးရပါမယ်။ အလုပ်အကိုင်တွေဖန်တီးပြီး ဆင်းရဲမွဲတေမှုလျှော့ချရပါမယ်။ မူးယစ်ဆေးဝါးနဲ့ အရက် ကို လွယ်ကူစွာဝယ်ယူမသုံးစွဲနိုင်အောင် ဆောင်ရွက်ရပါမယ်။ ဥပဒေစိုးမိုးမှုနှင့် မှုခင်းကျဆင်းရေး

**မှုကြမ်း**

အတွက် အဓိကကျတဲ့ရဲတပ်ဖွဲ့ကို အင်အားပြည့်ဝတဲ့၊ စွမ်းရည်ပြည့်ဝတဲ့၊ ဖွဲ့စည်းပုံပြည့်ဝတဲ့၊ နည်းပညာနဲ့အထောက်အကူပြုပစ္စည်းတွေပြည့်ဝတဲ့၊ လစာ၊ ရိက္ခာနဲ့ Facilities ပြည့်ဝတဲ့ ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲရပါမယ်။ အဲဒီလို အရည်အချင်း၊ အစွမ်းအစ၊ အဘက်ဘက်ကပြည့်ဝတဲ့ ပြည်သူ့ရဲတွေက မှုခင်းကျဆင်းရေးအတွက် နယ်မြေအတွင်း ကင်းလှည့်စောင့်ရှောက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်တဲ့ သူများ၊ အလားအလာရှိသည့် လူဆိုးသူခိုးများကို စောင့်ကြပ်ထိန်းသိမ်းခြင်း၊ ဒုစရိုက်မှုများနှိမ်နင်းခြင်း၊ ဒုစရိုက်မှုများပပျောက်အောင် ပညာပေးခြင်း၊ ထိရောက်သော ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်း၊ ပြေးလေးပြေးဖော်ထုတ်ဖမ်းဆီးခြင်း၊ နယ်မြေလူထုပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ် ကျင့်သုံးဆောင်ရွက်ခြင်းစတာတွေကို ထိရောက်စွာဆောင်ရွက်နိုင်မှာပါ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှာလည်း ရမည်းသင်းရဲလေ့ကျင့်ရေးကျောင်းမှာ ရဲသင်တန်းသားတွေရဲ့လိုအပ်ချက်တွေ၊ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းမပေးနိုင်ရင် အဖိုးတန်တဲ့ ရဲတွေ မွေးထုတ်ပေးရာမှာ ပြဿနာရှိနိုင်ပါတယ်။ သင်တန်းသားတွေအနေနဲ့လည်း ဆရာတွေနဲ့ ဆွေးနွေးတင်ပြပြီး အတ္တမပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးတစ်ခုလုံး အဆင့်မြင့်မားလာဖို့ အကြံပြုသင့်ကြောင်း မိန့်ကြားခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူတွေလိုလားတောင့်တနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ဖို့ ဒီမိုကရေစီအရည်အသွေးပြည့်ဝတဲ့ အစိုးရတစ်ရပ်ရဲ့ အင်္ဂါရပ်ချက်ထဲမှာ တရားဥပဒေစိုးမိုးမှု(Rule of Law)ဟာ အခြေခံအကျဆုံးဖြစ်ပြီး ကျန်အခြင်းအရာများဟာ ၎င်းအချက်ပေါ်မှာ မှီခိုနေပါတယ်။ ဒါကြောင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်း တဲ့ အစိုးရသစ်ရဲ့လုပ်ငန်းစဉ်မှာ ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေး တို့အတွက် အဟန့်အတား အနှောက်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံး ဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းတဲ့အဆိုကို အလေးအနက်ထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝေါ်မဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါ်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့

အဆိုကို ကျွန်တော် လေးစားစွာဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီး ခင်ဗျား။ တရားဥပဒေစိုးမိုးရေးရှိမှသာလျှင် မှုခင်းကျဆင်းရေးဟာ ရှိမှာဖြစ်ပါတယ်။ တရားဥပဒေ စိုးမိုးရေးနိမ့်ကျနေတာနဲ့အမျှ မှုခင်းတွေဟာ ပွားများနေမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ရှိတာ ပြည်သူတွေချည်းပဲမဟုတ်ပါဘူး။ ပြည်သူတွေအတွင်းမှာပဲမဟုတ်ပါဘူး။ ဝန်ထမ်း အဖွဲ့အစည်းများအတွင်းမှာပါ အဓိကတရားဥပဒေစိုးမိုးမှုရှိဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းအဖွဲ့အစည်း များအပေါ်မှာ ကြည့်မယ်ဆိုရင်တော့ ဒီကနေ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဏ္ဍိုင်သုံးရပ် မှာရှိတဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တွေမှာ ဆောင်ရွက်နေကြတဲ့ ဝန်ထမ်းများအပေါ် မှာလည်း များစွာလိုအပ်မှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ဆောင်ရွက်နေကြတဲ့ ပြည်ထဲရေး ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ ဒီအဖွဲ့တွေဟာ အဓိကတရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်နေကြတဲ့အဖွဲ့အစည်းများဖြစ်ပါတယ်။ ဒီဌာနတွေမှာ တာဝန်ယူဆောင်ရွက်နေကြတဲ့လူတွေဟာ ခေတ်နဲ့အညီပြောင်းလဲလာသော်လည်းပဲ တချို့ဝန်ထမ်းတွေဟာ ယနေ့အထိ ပြောင်းလဲလာမှုမရှိတာကို ကျွန်တော်တို့တွေ့နေရတာဖြစ်ပါတယ်။ သူတို့ဟာ တကယ့်တရားဥပဒေကို ကိုင်တွယ်ပြီးတော့ ပြည်သူတွေရဲ့အရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်နေရတဲ့အဖွဲ့အစည်းတွေ ဖြစ်ပါလျက်နဲ့ သူတို့ကိုယ်တိုင် တရားဥပဒေဘောင်အတွင်းက မလုပ်လာတဲ့အခါကျတော့ တရားဥပဒေစိုးမိုးရေးဟာ များစွာကျဆင်းသွားတာကို ကျွန်တော်တို့ သွားတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မှုခင်းတွေဟာ မဖြစ်သင့်တဲ့နေရာတွေမှာ ဖြစ်လာတာတွေ့ရသလို ရဲတပ်ဖွဲ့တွေအနေနဲ့ဟာ ပြည်သူတွေရဲ့အရေးကို အနီးကပ်ပြီးတော့ စောင့်ရှောက်နေရတဲ့ အဖွဲ့အစည်း တွေဖြစ်ပါတယ်။ ဒါပေမဲ့လို့ ရဲတပ်ဖွဲ့ဝင်တွေဟာ ဒီနေ့အထိပြောင်းလဲလာတဲ့အဖွဲ့ဝင်တွေရှိသလို မပြောင်းလဲလာတဲ့အဖွဲ့ဝင်တွေရှိတဲ့အခါကျတော့ လမ်းမပေါ်မှာ မြင်မြင်သာသာနဲ့ လာဘ်ပေး လာဘ်ယူတွေလုပ်နေတာဟာ ပြည်သူတွေမြင်တော့ ပြည်သူတွေကိုယ်တိုင်က အစိုးရအပေါ်မှာ အထင် အမြင်လွဲမှားမှုတွေ အများကြီးတွေ့လာတာ သွားတွေ့ရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီနေ့နိုင်ငံအသစ်အဖြစ် တည်ဆောက်နေတဲ့ကာလဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိသည်နှင့်အမျှ နိုင်ငံရဲ့တည်ဆောက်မှုလုပ်ငန်းတွေဟာ များစွာအနှောင့်အယှက်ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီလို အနှောင့်အယှက်ဖြစ်လာသည်နှင့်အမျှ ကျွန်တော်တို့ရေရှည်မှာ ပြည်သူရဲ့အကျိုးတရားတွေဟာ

တဖြည်းဖြည်းနဲ့ ကောင်းကျိုးမဖြစ်ဘဲနဲ့ ဆိုးကျိုးတွေဖြစ်လာနိုင်စရာ အကြောင်းတွေမြောက်မြားစွာ သွားတွေ့ရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမဏ္ဍိုင်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်လို့ အဓိကဆောင်ရွက်နေတဲ့ တရားစီရင်ရေးမဏ္ဍိုင်ပဲဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ကို ကျွန်တော်တို့ပြန်ကြည့်မယ်ဆိုရင် ဖ.ဆ.ပ.လခေတ်ကတုန်းက စက်ရှင်တွေနဲ့ ကျွန်တော်တို့ တရားရုံးတွေစီရင်ပါတယ်။ နောက်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်မှာတော့ သုံးယောက်ထိုင် တရားသူကြီးတွေနဲ့ စီရင်ပါတယ်။ သုံးယောက်ထိုင်တရားသူကြီးတွေနဲ့ စီရင်တဲ့အခါ မှာ များသောအားဖြင့် ဆိုက်ကားသမား၊ လယ်သမားတွေနဲ့ စီရင်ကြပါတယ်။ ဒီနေ့ခေတ်မှာတော့ ကျွန်တော်တို့ တော်တော်ကြာလာပါပြီ။ အချိန်ကာလကြည့်မယ်ဆိုရင်တော့ ပညာရှင်တွေအနေနဲ့ စီရင်ပါတယ်။ ဒီသုံးကြိမ်မှာ ကျွန်တော်တို့ကြည့်လိုက်တဲ့အခါမှာတော့ ဒီကနေ့ တရားစီရင်ရေးဟာ တော်တော်ကိုမှ ယိမ်းယိမ်းယိုင်ယိုင် သွားတွေ့ရတာဖြစ်ပါတယ်။ ပေးမှလုပ်တယ်။ မပေးရင် မလုပ်ဘူးတဲ့အခြေအနေမျိုးတွေ ပေါ်ပေါက်လာပါတယ်။ တရားဥပဒေဆိုတာ စာရွက်စာတမ်းပေါ်မှာ ပဲရှိတယ်။ စာအုပ်ထဲမှာပဲရှိတယ်။ တကယ့်လက်တွေ့မှာတော့ ကျွန်တော်တို့ တရားဥပဒေမှာ ကြည့်လို့ရှိရင် တရားဥပဒေအပေါ်မှာ လိုက်နာမှုမရှိပါဘူး။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၁၉ မှာနိုင်ငံတော်သည် ကျွန်တော်တို့ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေးကို ဆောင်ရွက်ရမယ်ဆိုတဲ့ဟာ တာဝန်ယူရမယ်ဆိုတာပါသလို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၀ မှာလည်းပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွေက ကျွန်တော်တို့ ပြည်ထောင်စု အစိုးရရဲ့လုပ်ငန်းများကို ကူညီဆောင်ရွက်ရမယ်ဆိုတာကို ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါတွေဟာ အဓိကတော့ အစိုးရတစ်ရပ်ဆိုတာ သူက မူချပေးဖို့ပဲလိုပါတယ်။ တကယ်တမ်း အကောင်အထည် ဖော်ရမှာက ကျွန်တော်တို့ ဝန်ထမ်းအဖွဲ့အစည်းတွေဖြစ်ပါတယ်။ အဲဒီတော့ ဝန်ထမ်းအဖွဲ့အစည်းတွေ မှာ ဒီလိုဖြစ်နေသည်နှင့်အမျှ တရားဥပဒေစိုးမိုးမှုနည်းပါးပြီးတော့ မှုခင်းတွေဟာ များလာမယ် ဆိုလို့ရှိရင် ခုနတင်ပြသလိုပဲ နိုင်ငံရဲ့တိုးတက်မှုက အဟန့်အတားအဖြစ် ဖြစ်နေမှာဖြစ်ပါတယ်။ အဲဒီတော့ တရားရုံးများနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ပြန်လည်တင်ပြရမယ်ဆိုရင် ဒီကနေ့ တရားစီရင်ရေးသည် မီဒီယာလောကမှာလည်း များစွာရေးပါတယ်။ ယိမ်းယိုင်နေတယ်။ ယိမ်းယိုင်နေ တယ်။ ဆိုတော့ တရားစီရင်ရေးအဆင့်ဆင့်ကို ကြည့်မယ်ဆိုလို့ရှိရင်တော့ တစ်လမ်းကြောင်းလို

ဖြစ်နေပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးကနေပြီးတော့ ကျွန်တော်တို့ မြို့နယ်အထိ၊ မြို့နယ်နှင့်ခရိုင်မှာတော့ ဝန်ထမ်းအဖွဲ့အစည်းတွေဖြစ်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုမှာတော့ ဒါကျွန်တော်တို့ လွှတ်တော်ကြီးကတစ်ဆင့်သွားတဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။

သို့သော်လည်းပဲ ဒီကနေ့ တရားစီရင်ရေးအဖွဲ့ဟာ ဥပဒေရဲ့အပ လုပ်တဲ့လုပ်ငန်းတွေဟာ ကျွန်တော်တို့ များများစားစား ထင်ထင်ရှားရှားမြင်ရပါတယ်။ တရားစီရင်ရေးသာ မှန်မှန်ကန်ကန်လုပ်မယ်ဆိုလို့ရှိရင် ပြည်သူဟာ တရားရုံးတွေကို လေးစားလာပြီးတော့ တရားဥပဒေစိုးမိုးမှုကိုလည်း များစွာအထိအရောက်ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဥပဒေနဲ့စာလို့ရှိရင်တော့ အပေးအယူပေါ်မှာတည်ပြီးတော့ လာဘ်ပေးလာဘ်ယူကို ရှေ့တန်းထားပြီးစီရင်တဲ့အခါကျတော့ ပြည်သူတွေဟာ တရားဥပဒေစိုးမိုးရေးကို တကယ်ကိုင်တွယ်ဆောင်ရွက်နေတဲ့ ဌာနအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်ပေါ်မှာကြည့်ပြီး ငြီးငွေ့လာပြီးတော့ သူတို့ပါ မှုခင်းကိစ္စတွေနဲ့ပတ်သက်လို့ ဖြစ်ပွားဖို့ရာ ဝန်လေးလာတာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ အမှန်တရားဆိုတာ ပျောက်ကွယ်ပြီးတော့ ပေးမှလုပ်။ မပေးရင်မလုပ်နဲ့။ အဲဒီမှာပဲ အနည်းနှင့်အများတွေဟာ ဆုံးဖြတ်ချက်ပေါ်မှာ သွားမူတည်နေတာတွေကို ပြည်သူတွေက များစွာတွေ့နေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ထမ်းအဖွဲ့အစည်းဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ တရားရေးမဏ္ဍိုင် ဒီဟာတွေက အဖွဲ့အစည်းတဲ့အားလုံးပေါ်မှာ ကျွန်တော် တို့ပြန်လည်ပြီးတော့ ထိန်းကျောင်းပြီးတော့ ဆောင်ရွက်ဖို့အချိန်တန်ပြီလို့လည်း ကျွန်တော် လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြလိုတာကတော့ ပြည်သူတွေအတွင်းမှာဖြစ်ပွားတဲ့ ကိစ္စတွေအားလုံးကတော့ ပြည်သူတွေကို ကျွန်တော်တို့ ပညာပေးပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ပြည်သူတွေအသိတရားဝင်ပြီးတော့ တရားဥပဒေစိုးမိုးရေးမှာ များစွာအထောက်အကူဖြစ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒေါ်ခင်နှင်းသစ်တင်သွင်းသွားတဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ လေးစားစွာဖြင့် ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးလိုတာကတော့ ပန်းတောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် အဆိုတင်သွင်းသွားသော၊ အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့် အယှက်ဖြစ်နေသောကြောင့် မူးယစ်ဆေးဝါး... မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ဒီမိုကရေစီအရပ်သားအစိုးရသစ်တက်လာချိန်မှာ ပြည်သူ လူထုရဲ့ယုံကြည်အားကိုးမှုများ၊ မျှော်လင့်ချက်ရောင်ခြည်များစွာ ရှိနေကြပါတယ်။ ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာမှာ ပြည်သူများအကြား အဓွန့်ရှည်စွာအမြစ်တွယ် ခဲ့တဲ့ ပြဿနာကတော့ မှုခင်းများစွာ ဖြစ်နေခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုမှုခင်းပြဿနာတွေဟာ ပြည်သူများ ၏ လွတ်လပ်မှု၊ လုံခြုံမှုများကို ခြိမ်းခြောက်၍ အကြောက်တရားများစွာနဲ့ လူ့အခွင့်အရေးတွေ ဆုံးရှုံး နေရတဲ့ ပြည်သူများအတွက် မှုခင်းကျဆင်းရေးဟာ အဓိကအခန်းကဏ္ဍက ပါဝင်နေခြင်းပဲဖြစ်ပါတယ်။ မှုခင်းတွေဟာ မြန်မာတစ်နိုင်ငံလုံးမှာဖြစ်ပွားနေတဲ့ကိစ္စဖြစ်လို့ တစ်နိုင်ငံလုံး ပြည်သူလူထုတစ်ရပ်လုံးနဲ့ သက်ဆိုင်နေတဲ့ပြဿနာတွေဆိုရင်လည်း မှားမယ်မထင်ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြရာမှာ ပါဝင်သော မြန်မာနိုင်ငံ၏မှုခင်းဖြစ်ပွားမှုနှင့် တရား ဥပဒေစိုးမိုးရေးအခြေအနေများ၊ မှုခင်းဖြစ်ရခြင်း၏ ဆက်နွှယ်မှုများ၊ ရဲလုပ်ငန်း၏အရေးပါသော အခန်းကဏ္ဍများ၊ မှုခင်းကျဆင်းမှုရှိရင် ရရှိလာမည့်အကျိုးဆက်များဟာ အင်မတန်မှ အရေးကြီးသော အချက်များလည်း ဖြစ်ပါတယ်။ မှုခင်းကျဆင်းရေးဟာလည်း တရားဥပဒေစိုးမိုးရေး၏ အဓိက အစိတ် အပိုင်းဖြစ်လို့ ကျွန်တော်တို့နိုင်ငံမှာဖြစ်နေတဲ့အခြေအနေကို သိအောင် ဝိုင်းဝန်းအဖြေရှာပြီး ပြုပြင် ဆောင်ရွက်ရမှာလည်း တာဝန်တစ်ရပ်ဖြစ်ပါတယ်။ မှုခင်းဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်း များမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စိတ်ဓာတ်ရေးရာများ ပျက်စီးယိုယွင်းမှုအားလုံးလည်း သက်ဆိုင်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ တရားဥပဒေစိုးမိုးမှုမရှိလို့ မူးယစ်ဆေးဝါးအမှုများ၊

လူကုန် ကူးမှုအမှုများ၊ ခိုးဆိုးလုယက်အမှုများ၊ လောင်းကစားအမှုများ၊ ယာဉ်တိုက်မှုများအပါအဝင် လူသတ်မှု၊ မုဒိမ်းမှုများ စသဖြင့် မှုခင်းများ ဖြစ်ရခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုမှုခင်းမျိုးတွေ လျော့ကျသွားစေရန် ရဲတပ်ဖွဲ့ဝင်တွေမှာ အဓိက တာဝန်ရှိပါတယ်။ ထောက်ပြချင်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုအားလုံးအနေနဲ့ နိုင်ငံတော်၏ တည်ဆဲ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာကျင့်သုံးရန်လည်း လိုအပ်ပါတယ်။ ဒီလိုဥပဒေ၊ နည်းဥပဒေပါ တာဝန်များ ထမ်းဆောင်ရန် ကူညီဆောင်ရွက်ရမှာလည်း ရဲတပ်ဖွဲ့ဝင်တွေရဲ့တာဝန်ပဲဖြစ်ပါတယ်။ အမှန်ပြောရရင် အပြစ်မရှိသောပြည်သူကိုကာကွယ်ပြီး အပြစ်ရှိသူများကို ဖမ်းဆီးပေးရန် တာဝန်ရှိသူ မှာလည်း ရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ရမည့်တာဝန်ပဲဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖမ်းမိတဲ့ ပိုင်ရှင်မဲ့သစ်များဖမ်းဆီးရမိခြင်း၊ ပိုင်ရှင်မဲ့မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်း များဟာလည်း ပြည်သူလူထုအနေဖြင့် နားလည်ရခက်ခဲသောအမှုများလည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အမှုတရားခံများကို အချိန်တိုအတွင်းမှာ လျင်မြန်စွာဖော်ထုတ်၍ အိမ်နီးချင်း နိုင်ငံများနည်းတူ ထိထိရောက်ရောက်အရေးယူမှုများ ပြုလုပ်နိုင်ရန် မှုခင်းကျဆင်းရေးကို ထိရောက် ပိုင်နိုင်စွာလုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်မိပါတယ်။ ဒါ့အပြင် ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးနှင့် ရပ်/ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စသဖြင့် ရည်မှန်းချက် ကြီးလေးရပ်ဖြင့် တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်းလည်း ကြားသိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မှုခင်းတွေကို ကာကွယ်နိုင်ရန် မှုခင်းအဖြစ်များတဲ့ နယ်ပယ်ဒေသများတွင် ရဲတပ်ဖွဲ့ဝင်အင်အားများ လုံလောက်စွာထားရှိခြင်း၊ ပြည်သူလူထုအား ပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့ အစည်းများဖြစ်တဲ့ NGO, CSO များ ကြိုတင်ပူးပေါင်းဆောင်ရွက်ခြင်းများကို ယခုထက်ပိုမို ဆောင်ရွက်ပေးခြင်းအားဖြင့် မှုခင်းများ လျော့နည်းစေမှာလည်းပဲ ဖြစ်ပါတယ်။ မှုခင်းတွေလျော့နည်း ကျဆင်းရင် တရားဥပဒေစိုးမိုးမှုတွေ အလိုလိုတိုးတက်လာမှာပဲဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးကို ရရှိမှာပဲ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေး ရရှိမှသာလျှင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံတကာဆက်ဆံရေးတွေ တိုးတက်ကောင်းမွန်ပြီး ကမ္ဘာ့အလယ်မှာ တင့်တယ်နိုင်တဲ့နိုင်ငံဖြစ်ပြီး ဂုဏ်သိက္ခာရှိတဲ့နိုင်ငံအဖြစ် ရပ်တည်လာနိုင်မှာပဲ ဖြစ်ပါ

**မူကြမ်း**

တယ်။ အကယ်၍ မှုခင်းတွေများ များခဲ့မယ်ဆိုရင် တရားဥပဒေစိုးမိုးမှုလည်း ရှိမှာမဟုတ်ဘူး။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေလည်း ဝင်ရောက်လာနိုင်မှာမဟုတ်သလို ဒါ့အပြင် နိုင်ငံတကာဆက်ဆံရေးတွေလည်း အားနည်းသွားမှာဖြစ်ပါတယ်။ ပြည်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေကို ထိခိုက်စေပါတယ်။

သို့ဖြစ်ပါ၍ ဒီမိုကရေစီနိုင်ငံတိုင်းဟာ အရည်အသွေးအကဲဖြတ်မှုကိုလည်း ခံနိုင်ရည်ရှိသလို အစိုးရသစ်၏မူဝါဒထဲမှာပါတဲ့ လွတ်လပ်လုံခြုံစွာနဲ့ပဲ ဖွံ့ဖြိုးတိုးတက်လာမှာလည်းပဲဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဒီမိုကရေစီကျင့်သုံးသည်ဟု ခေါ်ဆိုသောနိုင်ငံများတွင် မှုခင်းကျဆင်းရေးများကို ဦးစားပေးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားရင်း ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်တင်သွင်းသောအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည် ဖြစ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ အစိုးရသစ်၏လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုအတိုင်း ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာ မှုခင်းဖြစ်ပွားမှုတွေဟာ သိသိသာသာကျဆင်းတယ်လို့ မဆိုနိုင်ပါဘူး။ ယခုလက်တွေ့ထဲမှာပင် တစ်နိုင်ငံလုံး နေရာအနှံ့မှာ မူးယစ်ဆေးဝါးများ ဖမ်းဆီးမိခြင်း၊ စိတ်ကြွဆေးပြားများ ဖမ်းဆီးမိခြင်း ရှိနေဆဲဖြစ်ပါတယ်။ ကမ္ဘာမှာ ဒုတိယအများဆုံး ပိုင်ရှင်မဲ့မူးယစ်ဆေးဝါးတွေကို

လည်း ဖမ်းမိတာကို သတင်းတွေမှာအကျယ်တဝင့်ဖော်ပြနေတာကို တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် ပိုင်ရှင်မဲ့သစ်များနဲ့ ပိုင်ရှင်မဲ့ကျောက်စိမ်းများ၊ လိုင်စင်မဲ့အရက်များကြောင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာလည်း အကျင့်သီလပျက်စီးမှုများ၊ ခိုက်ရန်ဒေါသဖြစ်ပွားမှုများ၊ လုယက်ခိုးဆိုးတိုက်ခိုက်မှုများနဲ့ မုဒိမ်းမှုများကိုလည်း တိုးပွားစေပါတယ်။ ၎င်းအပြင် အရက်သေစာသောက်စားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိဘဲ မဆင်မခြင်မောင်းနှင်မှုကြောင့် မလိုလားအပ်သောယာဉ်တိုက်မှုခင်းများဖြစ်ပေါ်တာကိုလည်း တွေ့ရပါတယ်။ အုပ်စုဖွဲ့တိုက်ရှဥ္စာန်ဂိုဏ်းများနဲ့ နိုင်ငံအနှံ့မှာ သက်ငယ်မုဒိမ်းမှုများဖြစ်ပွားနေတာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းမှုခင်းဖြစ်မှုများကို လေ့လာကြည့်ရင် အရက်သေစာသောက်စားမှုများကြောင့် ၇၅ ရာခိုင်နှုန်း၊ လောဘဒေါသကြောင့် ၂၅ ရာခိုင်နှုန်း၊ နေ့အချိန်မှာ ၄၀ ရာခိုင်နှုန်းနဲ့ ညအချိန်မှာ ၆၀ ရာခိုင်နှုန်း၊ မြို့ပြမှာ ၃၀ ရာခိုင်နှုန်းနဲ့ ကျေးလက်ဒေသတွေမှာ ၇၀ ရာခိုင်နှုန်း မှုခင်းများဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။ ရဲတပ်ဖွဲ့ဝင်များရဲ့ လုပ်ဆောင်နေတဲ့ ရဲလုပ်ငန်းဆိုင်ရာနယ်မြေအတွင်း ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များဆောင်ရွက်နေရာမှာ နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး ဒုစရိုက်မှုများနှိမ်နင်းခြင်း၊ အသိပညာပေးဖလှယ်ခြင်း၊ မှုခင်းကျဆင်းမှုများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းတို့အတွက် ရဲတပ်ဖွဲ့ဝင်များမှာ အဓိကတာဝန်ရှိပါတယ်။ အမှုမှန်ပေါ်လာရေးအတွက် အမှုတရားခံများကို အလျင်အမြန်ဖော်ထုတ်ပြီး ထိထိရောက်ရောက်အရေးယူမှုများကို ပြုလုပ်ပေးနိုင်လျှင် မှုခင်းကျဆင်းရေးကို ထိရောက်စွာတားဆီးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များရဲ့ဆောင်ပုဒ်အရ ရဲနှင့်ပြည်သူလက်တွဲကူ ဒုစရိုက်ဟူသမျှ ဖော်ထုတ်ကြဟူ၍လည်းကောင်း၊ ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာလှုပ်ရှားရန်ဟူ၍လည်းကောင်း၊ ကူညီပါရစေဟူ၍လည်းကောင်း ရဲဆောင်ပုဒ်များနှင့်အညီ ပြည်သူ့ဝန်ထမ်းရဲများမှ ပြည်သူများ မှုခင်းများမဖြစ်အောင် အစီအမံများချမှတ်ကာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ လိုအပ်နေတာကိုလည်း တွေ့ရပါတယ်။ မှုခင်းကျဆင်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်ရန်အတွက် အဓိကကျသော အနာဂတ်လူငယ်များရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးပါတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ Power Point မှာ မှုခင်းကျဆင်းရေးတွင် လူငယ်များ ဒုစရိုက်ကျူးလွန်မှုများကို အရေးပေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ယခုနှစ်များမှာ ဆယ်ကျော်သက်လူငယ်တွေဟာ မှုခင်းများကို အုပ်စုဖွဲ့ပြီး လုယက်ခြင်း၊ ရိုက်နှက်ခြင်း၊

ခိုးယူခြင်းများကို ထိတွေ့နေတာကို တွေ့ရပါတယ်။ အဲဒီလို ကျူးလွန်တဲ့လူငယ်တွေဟာ အိုးအိမ် အတည်တကျမရှိဘဲ ပြောင်းရွှေ့နေထိုင်ကာ ကြုံရာကျပန်းလုပ်ပြီး ရှာဖွေစားသောက်တဲ့ ငယ်စဉ် ကာလတွင် လမ်းမများပေါ်၌ ကျင်လည်ကျက်စားသောလူငယ်များ ဖြစ်ကြပါတယ်။ တချို့လူငယ်တွေ ကတော့ မြို့တော်ရဲ့ ဆင်ခြေဖုံးရပ်ကွက်တွေမှာနေထိုင်ပြီး ပညာမတတ်သော မိသားစုအသိုင်းအဝိုင်း ကြောင့် ပညာမသင်ခဲ့ရဘဲ ငယ်စဉ်ကပဲ ပတ်ဝန်းကျင်ဆိုးဖြင့် ကြီးပြင်းလာတဲ့သူ အုပ်စုဖွဲ့ရန်ဖြစ် ရိုက်နှက်မှုများ၊ ဒုစရိုက်မှုများကို မကြာခဏကျူးလွန်တဲ့လူငယ်များဖြစ်တာကို တွေ့ကြရပါတယ်။ ယင်းကဲ့သို့ စရိုက်ဝလေ့မတူသော လူငယ်များ၊ ဒုစရိုက်မှုများ၊ အမှုအခင်းများကို ကျူးလွန်ရန် အဓိက လုပ်ဆောင်မှုဟာ ဆင်းရဲမွဲတေမှုကြောင့် စိတ်ထွက်ပေါက်ရှာကြရင်း မူးယစ်ဆေးဝါးရောင်းချသူများရဲ့ ဂိုဏ်းများနဲ့ ချိတ်ဆက်ပြီးသာ မူးယစ်ဆေးဝါးရဲ့သားကောင်များဖြစ်သွားတာကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့သောလူငယ်တွေကတော့ ကော်ရှူခြင်းကဲ့သို့ မူးယစ်ဆေးဝါးတွေကို စတင်သုံးစွဲတတ်ပြီး ထိုမှတစ်ဆင့် စိတ်ကြွဆေးပြားများ၊ အရက်များကိုပါ သုံးစွဲမိရာ အလွန်စိုးရိမ်စရာ ကောင်းသော မသိစိတ် စိတ်ရိုင်းများဝင်လာပြီး အကြောက်တရားများပျောက်သွားကာ လူတိုင်းကို အသက်အန္တရာယ်ပြုတာကို တွေ့ရပါတယ်။ ထိုအကျင့်ပျက်ကလေးများကို ပစ္စည်းခိုးခိုင်းခြင်း၊ လုယက် ခြင်းများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို ခိုင်းနေတာကိုလည်း တွေ့ရသဖြင့် လွန်စွာမှ စိတ်ပူမိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကလေးများဟာ ကော်ရှူနေတာကိုတွေ့ရသဖြင့် လူသားမဆန်တဲ့ဘဝမျိုးတွေရှိ နေတာကိုလည်း စိတ်မကောင်းစွာ ကြားသိနေရပါတယ်။ ကော်ရှူတာကိုဖမ်းလို့ရတဲ့ ဥပဒေရှိမနေတာ က ပြဿနာတစ်ရပ်ပါ။ ကော်ရှူခြင်းက မည်သည့်ဥပဒေနှင့်မျှ အရေးယူလို့မရတဲ့ ကျူးလွန်တဲ့ပြစ်ချက် များအပေါ်၌သာ ဥပဒေအရ အရေးယူနေတာကို သိရှိရပါတယ်။ မူးယစ်ဆေးဝါးရဲ့အာနိသင်ရှိတဲ့ ဆေးအမျိုးမျိုးကို ဆရာဝန်ညွှန်ကြားချက်မရှိဘဲ လက်ဝယ်ထားရှိလျှင် ဖမ်းဆီးထောင်ချခံရတဲ့ဥပဒေ တစ်ခုခုတော့ ရှိသင့်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။ ပြစ်မှုများကို လေ့လာဆန်းစစ်တဲ့အခါ ဆင်းရဲ မွဲတေမှု၊ ပညာမဲ့မှု၊ မူးယစ်ဆေးဝါးတို့ရဲ့ လက်သည်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ တစ်စပ်တည်းပါပဲ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ လုံခြုံရေးတာဝန်ရှိသူများ အကျင့်ပျက်ခြစားခြင်းတို့ကြောင့် မှုခင်းများ တိုးပွားလာကာ လူငယ်များ အမှားဒုစရိုက်သံသရာမှာလည်နေတာကို တွေ့ရပါတယ်။ ယင်းဒုစရိုက်မှု ပြဿနာများကို စနစ်တကျလေ့လာပြီး ဖြေရှင်းနိုင်မယ့် ရေတို/ရေရှည်နည်းလမ်းများကို ရှာကြံရမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိစေရန် လုံခြုံရေးတိုးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးများကို အမျိုးသားရေး

တာဝန်တစ်ရပ်အနေနဲ့ ပက်စိပ်တိုက်နှိမ်နှင်းခြင်းဖြင့် ဒုစရိုက်မှုများကို ယာယီဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ လေလွင့်လူငယ်များ ထိန်းကျောင်းပေးနိုင်ရန် စခန်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ယင်းစခန်းများမှ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ ပြစ်မှုမကျူးလွန်စေရန် အထူးအာမခံချက်များဖြင့် အလုပ်အကိုင်ရှာဖွေပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို ပြစ်မှုကျူးလွန်သူအဖြစ် မသတ်မှတ်ဘဲ မူးယစ်ဆေးဝါးဝေဒနာရှင်အဖြစ်သတ်မှတ်ကာ အချိန်မီကုစားပေးခြင်း၊ ဆေးစွဲလူငယ်များအတွက် ဆေးဖြတ်ပေးသည့်စင်တာများဆေးခန်းများ၊ ရိပ်သာများ တိုးချဲ့ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကူအညီဖြင့် ရေရှည်စီမံကိန်းများချမှတ်ကာ ဆောင်ရွက်ပေးနိုင်ပါက မူးယစ်ဆေးဝါးကျဆင်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်မှာ ဖြစ်ပါကြောင်း ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့သူအားလုံးကို အင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်စုံကြပါစေ။ ကျွန်မကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ်က ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဲဒီအဆို ကို ထောက်ခံဆွေးနွေးရာမှာ UNODC ရဲ့ မှုခင်းကျဆင်း ကာကွယ်ရေးအတွက် ချဉ်းကပ်ပုံကို တင်ပြ ချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point သုံးခွင့်ပြုပါရှင်။

**ဥက္ကဋ္ဌ**။ ။ Power Point မပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်ဆိုင်ရာနည်းဥပဒေမှာ အဆိုဆွေးနွေးတာနဲ့ ပတ်သက်ပြီးတော့ ကန့်သတ်ချက်၊ စည်းကမ်းချက်နဲ့ ညီညွတ်မှုမရှိလို့ အဲဒီ Power Point မပေးပါဘူး။ ဒီအတိုင်းပဲ ဆွေးနွေးပါ။

**မူကြမ်း**

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ စာသားပါပဲ။ UNODC ကစာသားဖြစ်ပါတယ်ရှင်။ ခေတ်ပုံမပါပါဘူး။

**ဥက္ကဋ္ဌ**။ ။ စာသားတစ်ခုတည်းပေးပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ ဟုတ်ပါတယ်။ UNODC မှာပါဝင်တဲ့ မှုခင်းကျဆင်းကာကွယ်ရေးအတွက် ချဉ်းကပ်ပုံကို တင်ပြချင်ပါတယ်။ (၁) လူမှုဖွံ့ဖြိုးတိုးတက်မှုများမှ တစ်ဆင့် ကာကွယ်ခြင်း( Crime Prevention through social development)၊ (၂) ဒေသဆိုင်ရာ လူထုအခြေပြု ကာကွယ်ခြင်း(Locally based Crime Prevention)၊ (၃) အခြေအနေပေါ်မူတည်ပြီး ကာကွယ်ခြင်း(Situational Crime Prevention)၊(၄) ပြန်လည်ပေါင်းစည်းမှု အစီအစဉ်များဖြင့် ကာကွယ်ခြင်း(Re-integration Programmes)တို့ဖြစ်ပါတယ်။ အဲဒီအချက်တွေကို ခွဲခြမ်း စိတ်ဖြာပြီးကြည့်မယ်ဆိုရင် အဓိကတွေ့ရတဲ့အချက်ကတော့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှုခင်း ကျဆင်းရေးဟာ မရှိမဖြစ် လိုအပ်တယ်ဆိုတာ အငြင်းပွားစရာမလိုတဲ့အဖြေတစ်ခု ဖြစ်ပါတယ်။ UNODC ရဲ့ အချက်တွေကို ကောက်ချက်ချရရင် အခြေခံအကျဆုံးက ဒေသဆိုင်ရာပြည်သူ တွေ(Locally-based) ပူးပေါင်းဆောင်ရွက်မှု လိုအပ်တာဆိုတာပါပဲ။ ဒါက ဒေသခံအခြေခံမှု ဖြစ်ပါတယ်။ အပေါ်ပိုင်းဖြစ်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးကလည်း ပြန်လည်စုပေါင်းခြင်း (integrated)ဖြစ်ဖို့လိုပါတယ်။ ဌာနဆိုင်ရာတစ်ခုနဲ့တစ်ခု စုစည်းညှိနှိုင်းပေါင်းစပ်(Integration Programme)ပေါင်းစည်းမှုအစီအစဉ်များရေးဆွဲပြီးတော့ ဖြေရှင်းရတဲ့ကိစ္စတွေဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ခုပြီးမှတစ်ခု ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမှာမဟုတ်ပါဘူး။ တစ်စုတစ်စည်းတည်း ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေအသိပညာပေးရေး၊ စွမ်းအားမြှင့် ပညာပေးမှုတွေအတွက် ပြန်ကြားရေးဌာနကအစ လူမှုအကျိုးပြုအဖွဲ့ အစည်းဖြစ်တဲ့ NGO၊ INGO၊ CSO အဖွဲ့၊ မီဒီယာအစုံ အားပြုပြီး တစ်ပြိုင်နက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အစိုးရရဲ့ အဓိကအကျဆုံးတာဝန်က ဘာလဲဆိုရင် အောက်ခြေအခြေခံမှာ ဒေသဆိုင်ရာလူထုရဲ့ မှုခင်းကျဆင်းရေးကို မျက်ခြည်မပြတ်ဖို့လိုအပ်သလို့ အပေါ်ပိုင်းဝန်ကြီးဌာနတွေဟာ ညှိနှိုင်းဆက်စပ်စုပေါင်းပြီး အားသွန်ခွန်စိုက်ဖို့ လိုတယ်ဆိုတာပါပဲ။ ထိရောက်စွာ လူထုအားပညာပေးမှု၊ စွမ်းအားမြှင့်တင်ရေး ပညာပေးမှု၊ ဆုပေးဒဏ်ပေးမှုတို့ကို ကျောသားရင်သားမခွဲခြားဘဲ

အဂတိလိုက်စားမှုမရှိဘဲ အရေးတယူဆောင်ရွက်ဖို့လည်း ဖြစ်ပါတယ်။ ယခုကဲ့သို့ အစိုးရအနေနဲ့ ဆောင်ရွက်ပေးနေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တကယ်ထိရောက်စွာ လုပ်ပေးနေတယ်ဆိုတဲ့ အနေ အထားရှိနေတယ်လို့ ကြားရမယ်ဆိုရင် ကျွန်မနဲ့အတူ ပြည်သူအားလုံးတို့ဟာ အင်မတန်မှ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရမှာအမှန်ပါပဲ။ ဒါပေမဲ့ ကျွန်မတို့ရဲ့ ဒေသဆိုင်ရာအခြေခံကျတဲ့ လူထုထဲက ထူးထူး ခြားခြား ဝမ်းနည်းစရာဖြစ်စဉ်တစ်ခုကို ပြောရမယ်ဆိုရင် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ် များမကြာမီက မြေပြိုမှုဖြစ်ပွားခဲ့တဲ့ ဆင်းရဲတဲ့ မော်ချီးရွာမှာ လွန်ခဲ့တဲ့ နှစ်လက ဖြစ်စဉ်တစ်ခု ဖြစ်ပါ တယ်။ စာစောင်တွေ၊ ဂျာနယ်တွေ၊ DVB စတဲ့ မီဒီယာတို့မှာ ပါပြီးသားလည်း ဖြစ်ပါတယ်။ (၁) တာဝန်ရှိ ရဲအရာရှိတစ်ဦးဟာ တာဝန်ချိန်အတွင်း ယူနီဖောင်းဝတ်ထားခြင်းမရှိဘူး။ တာဝန်ရှိသူဖြစ်ကြောင်း သက်သေခံအမှတ်အသား တစ်ခုခုကိုမပြဘူး။ ရပ်ရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် အသက်(၁၈)နှစ်ပြည့် ပြီး ရပ်ရွာမှကြည်ညိုလေးစားသူလည်း မပါဘူး။ တရားခံသွားရောက်ဖမ်းဆီးရာမှာ တာဝန်ရှိ ရဲအရာ ရှိကိုယ်တိုင် အရက်သောက်စားထားတာ တွေ့ရပါတယ်။ ဥပဒေမဲ့ ဘီယာရောင်းချနေတဲ့ ဆိုင်များစွာ ရှိတဲ့အနက် ဆိုင်တစ်ဆိုင်တည်းကိုသာ ဝင်ရောက်ဖမ်းဆီးပါတယ်။ လိုင်စင်မဲ့ဘီယာဖမ်းရာမှာလည်း လိုအပ်မှုမရှိဘဲ သေနတ်ထုတ်ခြင်း၊ ချိန်ရွယ်ခြင်း၊ ပစ်ဖောက်ခြင်း စသည်များကို ပြုလုပ်တာ တွေ့ရပါ တယ်။ ဝင်ရောက်တားဆီးတဲ့ ပြည်သူများကို ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းဆီးတရားစွဲနေတာကိုလည်း တွေ့ရပါတယ်။ အဲဒီလို ဥပဒေဘောင်အတွင်းက တာဝန်ကို အချက်အလက်မပြည့်စုံဘဲနဲ့ ဖမ်းဆီးခွင့် မရှိသည်ကို ဖမ်းခွင့်ပေးထားတာကို ဝမ်းနည်းစွာတွေ့နေရပါတယ်။ အဲဒါကြောင့် ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အဆိုရှင်က မူခင်း ဖြစ်ရခြင်း၏ဆက်နွှယ်မှုများမှာ တရားဥပဒေစိုးမိုးရေး မရှိလို့ဖြစ်ရသော မူးယစ်ဆေးဝါးအမှုများ၊ နယ်စပ်ဒေသလုံခြုံရေးမရှိလို့ ဖြစ်ရတဲ့လူကုန်ကူးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းမရှိလို့ ဖြစ်ရတဲ့ လောင်းကစားမှုများ၊ လိုင်စင်မဲ့အရက်များ၊ ယစ်မျိုးမှုကြောင့် ဖြစ်ရသောအမှုများ ပါဝင်ကြောင်းကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ အဆိုရှင်ရဲ့

ဖော်ပြချက်များဟာ ကျွန်မဒေသရဲ့ဖြစ်စဉ်များနှင့်ကိုက်ညီတဲ့ အတွက် အဆိုရှင်ရဲ့ မှုခင်းဖြစ်ရခြင်း၏ ဆက်နွယ်မှုများကို ထောက်ခံဆွေးနွေးသွားပါ့မယ်။ ကရင် ပြည်နယ်ဟာဆိုရင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ခြင်း ထိစပ်နေတဲ့ နယ်စပ်ဒေသဖြစ်ပါတယ်။ ကရင် ပြည်နယ်ထဲမှာ ပါဝင်တဲ့ မြဝတီမြို့ဟာ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့နယ်စပ်ဂိတ်ပေါက်မြို့လည်း ဖြစ်နေ ပါတယ်။ နယ်စပ်ဒေသဖြစ်တာနဲ့အညီပဲ မူးယစ်ဆေးဝါးများကို ကျွန်မတို့ရဲ့ ဒေသအခေါ်နဲ့ဆိုရင်တော့ မြင်းဆေးလို့လည်း ခေါ်ပါတယ်။ အလွယ်တကူ ဝယ်ယူလို့ရနေသလို လူငယ်၊ လူရွယ်၊ လူလတ် အသက်အရွယ်စုံ သုံးစွဲနေမှုတွေများစွာ ဖြစ်နေပါတယ်။ အထူးသဖြင့် အသက် ၁၂ နှစ်၊ ၁၃ နှစ်အရွယ် အလယ်တန်းကျောင်းသားများ၊ အထက်တန်းကျောင်းသားများနဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းသား များ လူငယ်ထုအတွင်းမှာ မြင်းဆေးခေါ်တဲ့ မူးယစ်ဆေးဝါးတွေကို ပဲလှော်ဝါးသလို၊ မုန့်ပဲသရေစာ စားသလို ကျယ်ကျယ် ပြန့်ပြန့်ကြီး သုံးစွဲနေကြပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် ဆေးကြောင် ပြီး မိသားစုကို တုတ်၊ဓားလက်နက်နဲ့ ရမ်းကားတဲ့အမှုတွေ၊ မိသားစုရဲ့ ပစ္စည်းဥစ္စာများကို ခိုးယူလုယက် မှုတွေလည်း ဖြစ်နေပါတယ်။ အဲဒီလို အမှုတွေက မိသားစုတွေကြားထဲမှာ အမှုအခင်းဖြစ်မှာစိုးလို့ ရဲကိုမတိုင်ကြားဘဲနဲ့ ကြိတ်မှိတ်ဖြေရှင်းနေကြတဲ့ အမှုပေါင်းများစွာလည်း ရှိနေပါတယ်။ အဲဒီလို အမှု တွေက ကျွန်မတို့ နယ်စပ်ဒေသတွေမှာသာမက ပြည်မဖြစ်တဲ့ ရန်ကုန်မြို့မှာတောင် နည်းပညာ ဒုတိယနှစ်ကျောင်းသားက ဆေးကြောင်ပြီး မိဘနှစ်ပါးကို ဓားနဲ့ထိုးတဲ့မှုခင်းများအထိ ဖြစ်ပွားနေပါ တယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ နယ်စပ်ဒေသမှာရှိတဲ့ ကျေးရွာတွေမှာ အလုပ်အကိုင်ရှားပါးမှု ကြောင့်လည်းကောင်း၊ စားဝတ်နေရေး မပြေလည်မှုကြောင့်လည်းကောင်း အမျိုးသမီးငယ်လေးတွေ ဟာ တစ်ဖက်နိုင်ငံမှာ ကြုံရာကျပန်းအလုပ်ကို သွားလုပ်ဖို့ နယ်စပ်ဂိတ်ပေါက်ကနေပြီးတော့ သွားကြ ရပါတယ်။ အဲဒီလို သွားကြတဲ့အခါမှာ အမျိုးသမီးငယ်လေးများဟာ ကိုယ်ဝန်ဆောင်သန္ဓေတားဆေး တွေကို ကြိုတင်ထိုးပြီး ကြုံရာကျပန်းအလုပ်ကို သွားရောက်လုပ်ကိုင်ကြရပါတယ်။ လူကုန်ကူးသူ၊ အလုပ်သွင်းပေးသူပွဲစားတွေက မက်လုံးပေးခေါ်ဆောင်သွားတာခံရပေမယ့် အမျိုးသမီးငယ်လေးမှာ ဟာ ဘာမှနားမလည်နိုင်တဲ့ လူမသိ၊ သူမသိ အမှုတွေလည်း ဖြစ်ပေါ်နေပါတယ်။ မြန်မာ အမျိုးသမီးငယ်လေးများဖြစ်ပါလျက် စောင့်ထိန်းရမယ့်ကိုယ်ကျင့်တရားကို မထိန်းသိမ်းနိုင်တဲ့ အခြေ

အနေများလည်း ဖြစ်ပါတယ်။ အရှက်တရားအရ လူကုန်ကူးခံရမှု၊ လိင်အကြမ်းဖက်ခံရမှုတွေဟာ မဖော်ထုတ်နိုင်တဲ့အမှုတွေလည်း များစွာရှိနေပါတယ်။

ဒါ့အပြင် လူ့အဖွဲ့အစည်းအတွင်းမှာ နှစ်လုံးထီ၊ ချဲထီ၊ လောင်းကစားမှုများဟာလည်း ရှိနေဆဲပဲ ဖြစ်ပါတယ်။ ဒိုင်လုပ်သူတွေမှာ ဒိုင်ကြီးကို မမိဘဲနဲ့ ဒိုင်လက်ခွဲလေးတွေကိုသာ ဖမ်းမိနေပါတယ်။ ဒိုင်လက်ခွဲလေးတွေက ထောင်ကျပြီးလွတ်လာပေမယ့်လို့လည်း တခြားအလုပ်ကိုမလုပ်တော့ဘဲ ဒီအလုပ်ကိုသာ ပြန်ပြီးလုပ်နေကြပါတယ်။ ကျွန်မတို့ရဲ့နယ်စပ်ဒေသမြို့တစ်မြို့မှာတော့ Casino ဆိုတဲ့ လောင်းကစားဝိုင်းကြီးတစ်ခုကို တည်ထောင်ထားတာကို လည်း သိရှိရပါတယ်။ အဲဒီကစားဝိုင်းကြီးကို တစ်ဖက်နိုင်ငံက ချမ်းသာတဲ့စီးပွားရေးသမားတွေ၊ ထိုင်းနိုင်ငံက သူဌေးများဟာ ညအချိန်မှာ မြန်မာနိုင်ငံဘက်ကမ်းကို ကူးပြီးတော့ လာကစားနေကြပါတယ်။ ဒီလိုကစားဝိုင်းအတွက် နိုင်ငံတော်မှ တရားဝင်ခွင့်ပြုခြင်း၊ အခွန်ငွေရရှိခြင်းတော့ ရှိသည်/မရှိသည်ကို ပြည်သူတွေက မသိရပါဘူး။ လောင်းကစားဝိုင်းရှိနေတဲ့အတွက်ကြောင့် လူ့အဖွဲ့အစည်း အတွင်းမှာ နောက်ဆက်တွဲမှုခင်းတွေ များစွာဆက်ဖြစ်နေမှာလည်း ဖြစ်ပါတယ်။ တရားဝင်အမှု တိုင်ကြားပေမယ့်လို့လည်း တရားရုံးတွေက အမှုစစ်ဆေးတဲ့နေရာမှာ အချိန်ကြန့်ကြာမှုရှိနေခြင်း၊ တရားရုံးရဲ့အမိန့်များဟာ အဂတိတရားများ ကြောင့် ပြည်သူများမှာ တရားစီရင်ရေးအပေါ်မှာ ယုံကြည်မှုတွေလည်း လျော့နည်းနေပါတယ်။ နယ်စပ်ဒေသဖြစ်တဲ့အတွက်ကြောင့်လည်း တရားခံပြေးအမှုများ၊ တရားခံဖမ်းမမိ၍ ကိုယ်စားဖမ်းဆီးမှု တွေလည်း ရှိနေပါတယ်။ အမှုတကယ်ဖြစ်ခဲ့သော်လည်း တိုင်ကြားချင်တဲ့ အခြေအနေမရှိတဲ့အတွက် တရားခံများဟာလည်း လွတ်မြောက်နေပါတယ်။ တရားခံများဟာ ဆက်တိုက် ဆက်တိုက် အမှုတွေကို ကျူးလွန်ခြင်းကြောင့်လည်း အမှုတွေက ပွားများလာနေပါတယ်။ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း၊ လောင်းကစားခြင်းတို့ဟာ မြန်မာနိုင်ငံရဲ့အမှုကြီးထဲမှာ ပါဝင်တဲ့ လူသတ်မှုအထိ ဖြစ်ပွားရခြင်းအကြောင်းရင်းဖြစ်သလို တွန်းအားပေးတဲ့အကြောင်းဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့ရဲ့ မှုခင်းကျဆင်းရေးပညာပေးလက်ကမ်းစာစောင်တွေမှာ တွေ့ရှိရပါတယ်။ ဒါပေမဲ့လို့ အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစားမှုဟာ ဒေသလူ့အဖွဲ့အစည်းအတွင်းဖြစ်ပွားနေမှုကို ပညာပေးခြင်း၊ ပြည်သူနှင့်ပူးပေါင်းပြီး အမှုများဖော်ထုတ်ခြင်းကို ဆောင်ရွက်တယ်လို့ဆိုပေမယ့် လိုအပ်ချက်တွေ ရှိနေတဲ့အတွက်ကြောင့် အမှုတွေကတော့ပွားများနေဆဲပဲ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ခြင်းထိစပ်နေတဲ့ နိုင်ငံငါးနိုင်ငံရှိပါတယ်။ နယ်စပ်ဒေသတွေမှာ လုံခြုံရေးထိရောက်မှုတွေ

လည်း ရှိဖို့လိုအပ်နေပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများရဲ့ လူဝင်၊ လူထွက်ကိစ္စ၊ ယာဉ်အဝင်/အထွက်ကိစ္စများကို တိတိကျကျ ဆောင်ရွက်မှုအားနည်းနေခြင်း ကြောင့်လည်း ဖြစ်ပါတယ်။ သေးငယ်တဲ့ပြစ်မှုများကိုကျူးလွန်သူများဟာ ပြည်တွင်းဥပဒေများ နှင့်အညီ စုံစမ်းစစ်ဆေးအရေးယူမှုများ ပြုလုပ်ပေးခြင်းအားဖြင့်တော့ မှုခင်းကျဆင်းနိုင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပန်းတောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့အဆို ကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းဖြစ်ပါ တယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေဖြင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တင်သွင်းသော ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မှုခင်း ဖြစ်ပွားမှု အထူးမြင့်မားနေတယ်ဆိုတာ အရှေ့မှလွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွားသည့် အချက်များထဲတွင် ပါဝင်ပြီးဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်သာဓကတစ်ခုပြောရမယ်ဆိုလို့ရှိရင် Homocide လို့ခေါ်တဲ့ လူတစ်ဦးရဲ့ပယောဂကြောင့် အခြားလူတစ်ဦးသေဆုံးရမှုနှုန်းများနှင့် ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံမှာဆိုလျှင် လူတစ်သိန်းလျှင် ၁၅.၂ ဦး၊ ထိုင်း နိုင်ငံမှာဆိုလျှင် ၅.၀ ဦး၊ အိန္ဒိယနိုင်ငံမှာဆိုလျှင် ၃.၅ ဦး၊ ဗီယက်နမ်နိုင်ငံမှာဆိုလို့ရှိရင် ၃.၃ ဦး၊ မလေးရှားနိုင်ငံမှာဆိုလျှင် ၂.၃ ဦး၊ တရုတ်နိုင်ငံမှာဆိုလျှင် ၁.၀ ဦးရှိတာတွေ့ရပြီးတော့ မြန်မာနိုင်ငံ မှာဖြစ်ပွားမှုဟာ အထူးမြင့်မားနေကြောင်းကိုလည်း တွေ့ရပါတယ်။ မှုခင်းများပေါ်များနေမှုကြောင့် လူသားအရင်းအမြစ်တွေမှာ ယုတ်လျော့စေပြီး စီးပွားရေးလုပ်ငန်းများမှာလည်း ပြုလုပ်နိုင်မှုတွေ ခက်ခဲကြန့်ကြာစေခဲ့ပါတယ်။ လုံခြုံရေးကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ မပြုလုပ်ရဲတော့တဲ့ အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းလာခဲ့စေပါတယ်။ မှုခင်းဖြစ်ပွားမှုတွေ များပြားနေမှုကြောင့် ကမ္ဘာ

**မူကြမ်း**

လှည့်ခရီးသည်များလည်း ကျဆင်းစေခဲ့ပါတယ်။ မှုခင်းကျဆင်းရေးဆိုတာက ရဲစခန်းတို့၊ တရားရုံးတို့ အမှုအခင်းများရောက်ရှိလာခြင်းမရှိရုံဖြင့် မှုခင်းကျဆင်းတယ်လို့ ဆိုလို့မရပါဘူး။ မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ခြင်းဖြင့် ကျဆင်းမှသာလျှင် မှုခင်းကျဆင်းခြင်းလို့ ဆိုလို့ရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးကဲ့သို့ ကုသရေးထက်ကြိုတင်ကာကွယ်ရေးက ပိုမိုကောင်းမွန်သည်ဟုဆိုသောအချက်အတိုင်း ပြစ်မှုဗေဒတွင်လည်း ပြစ်မှုကြိုတင်ကာကွယ်နိုင်ခြင်းဖြင့် တရားစီရင်ရေးတွင် ပို၍ထိရောက်အားသာမှုရှိသည်ဟု ဆိုရိုးရှိပါသည်။ ပထမဆုံးအနေဖြင့် မှုခင်းကျဆင်းရန် လူထုအသိပညာမြှင့်တင်ပေးရန် လိုအပ်ပါတယ်။ စာသင်ကျောင်းများမှာ ပြည်သူ့နီတိများ နိုင်ငံ့သားကောင်းများလိုက်နာရမည့် စည်းကမ်း၊ စည်းမျဉ်းများ သင်ကြားပေးရမည်ဖြစ်သလို ပြစ်မှုကျူးလွန်ရမှာ ရှက်ရွံ့တဲ့စိတ်ဓာတ်များကိုလည်း သွပ်သွင်းပေးရမှာဖြစ်ပါတယ်။ အခုအခါ ကျောင်းများတွင် စာရိတ္တအချိန်ရှိပေမယ့် ကျောင်းအများစုမှာတော့ အထက်ပါသင်ခန်းစာများကို သင်ကြားပေးနိုင်မှုမရှိသေးပါဘူး။ ဒါ့အပြင် နိုင်ငံသားများကို မှုခင်းဆိုင်ရာ အသိပညာဟောပြောခြင်းနှင့် မှုခင်းနှိမ်နင်းရေးမှာ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးတို့ကိုလည်း မြှင့်တင်ပေးရမှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ပြစ်မှုကျူးလွန်တဲ့သူများအနေဖြင့် ပြစ်မှုကျူးလွန်လျှင် အကျိုးရမည့်အခွင့်အရေးထက် ပြစ်ဒဏ်ရရှိသည့်အခွင့်အရေးက ပိုမိုများကြောင်း ခံစားသိရှိစေရန် ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ပြစ်မှုကို ယခုထက်ပိုပြီး ထိရောက်စွာတားဆီးနိုင်ရေးအတွက် ရဲအင်အားတိုးချဲ့ရန် လိုအပ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ လူဦးရေတစ်သိန်းမှာ ရဲအင်အား ၁၀၀ သာရှိပြီးတော့ နိုင်ငံတကာစံနှုန်းအရ လူဦးရေ တစ်သိန်းတွင် ရဲအင်အား ၃၀၀ ခန့်ရှိသင့်တာကြောင့်မို့လို့ များစွာလျော့နည်းနေပြီး အမြန်ဆုံးဖြည့်ဆည်းတိုးချဲ့ဖို့လည်း လိုအပ်ပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့လည်း ပုံမှန်လှည့်ကင်း/ပတ်ကင်းများ စိပ်စိပ်ပြုလုပ်ရန်နှင့် ပြစ်မှုဖြစ်ပွားမှုများသော နေရာများကိုလည်း အထူးဂရုပြုစောင့်ကြပ်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ ရာဇဝတ်မှုကျူးလွန်သူများအနေဖြင့် ကျူးလွန်ဖို့ပိုမိုခက်ခဲမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြစ်မှုများဖြင့်ပတ်သက်၍ လူထုဆီက သတင်းအချက်အလက်တွေ ရယူတာမျိုးတွေ၊ သုတေသနပြုလုပ်တာတွေလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူထုအနေဖြင့် ရာဇဝတ်မှုတွေကျူးလွန်တာတွေကိုလည်း လာရောက်တိုင်ကြားသောအခါ ယခုထက်ပို၍ထိရောက်လျင်မြန်လွယ်ကူစေရန် လုပ်ဆောင်ပေးရန် လိုအပ်ပါတယ်။

**မှုကြမ်း**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်တွင် ထောင်တွင်း၌ လက်တွေ့ဖြစ်နေသောအခြေအနေများကို ကြည့်မယ်ဆိုလို့ရှိရင် ဒုစရိုက်ပညာများပင် သင်ကြားပေးနေသောနေရာအဖြစ် ဖြစ်နေပါတယ်။ ထောင်တွင်းမှာ ပညာသင်ကြားစေခြင်း၊ အတတ်ပညာသင်ကြားစေခြင်းနှင့် စာဖတ်ရန်တိုက်တွန်းပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာပြုပြင်သင်ကြားပေးခြင်းများ ပြုလုပ်ပြီး ထောင်မှထွက်လာလျှင်လည်း စောင့်ကြည့်ခြင်းနှင့် အလုပ်အကိုင်ရှာဖွေရေးကူညီပေးခြင်း စသည်တို့ကို ပြုလုပ်ပေးသင့်ပါတယ်။ ရာဇဝတ်မှုများပြားနေခြင်းမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လွန်စွာအခက်အခဲများဖြစ်ပေါ်စေပါတယ်။ နိဂုံးချုပ်အရပြောရမယ်ဆိုလို့ရှိရင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးစတဲ့မဏ္ဍိုင်များမှာ တစ်ခုနှင့်တစ်ခုထိန်းညှိပြီး မိမိတို့၏မဏ္ဍိုင်ကြီးများ အသီးသီးတွင်ပါဝင်သူများကိုယ်တိုင် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့် မိမိတို့၏ဂုဏ်သိက္ခာမြှင့်တင်ပြီး တိုင်းပြည်နှင့်လူမျိုးအပေါ် ဂုဏ်သိက္ခာရှိရှိပါဝင်နိုင်ကြပါစေလို့ဆုတောင်းရင်း ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၏အဆိုအား လေးလေးနက်နက်ထောက်ခံအကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုဆွေးနွေးရန်ကျန်ရှိသူများနှင့် အစီအစဉ် ၁၁ ကို မနက်ဖြန်ခါ ၁၇-၈-၂၀၁၆ ရက်နေ့မှာ ဆက်လက်ဆောင်ရွက်ပါမယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မှူကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**